BDP Bayint Naung Development Public Co., Ltd; Region 6 Resource Public Co., Ltd; and Unique Lawksawk Mango Public Co., Ltd.



Daw Khin Lay Myint

"We rely on the skills of our staff and our ability to build fruitful and long-term partnerships to develop our capabilities. 2021 was a challenging year for all of us: it tested our limits. However, our priority was clear: ensuring the health, safety and security of our staff. The Commission did everything it could to prioritise this at all times. The unity of our team and the commitment of our staff were essential to securing the continuity of our operations. Their dedication and bravery humble us."

## Budget

The SECM's budget for FY20/21 was 454.473 million MMK, which represents an 11% decrease from the FY19/20 budget.

- The SECM allocated 51% of its budget for its human capital, especially staff wages.
- Office expenditures accounted for 38% of the budget.
- The SECM invested 6% of its budget in developing its assets.
- Finally, the SECM spent 5% of the budget on maintaining its equipment.

The evolution of the SECM's budget over the last three financial years is provided below.

### Evolution and breakdown of the SECM's budget (million MMK)




## The impact of the political change on our workforce

The magnitude of the impact of the COVID-19 pandemic and of the political change is clearly visible in the charts.

The number of staff went from 72 in FY19/20 to 43 in FY20/21. However, our HR team managed to hire 20 people between October 2020 and March 2022; all have received specific onboarding training, including ethics training. At the end of March 2022, 59 staff were working for the Commission.

Regarding the diversity of our team:

- 71% are women;
- 61% are young people (below 36 years old).



In FY20/21, the turnover reached 46%. Some staff felt unsafe because of the COVID-19 pandemic or social unrest; others wanted to leave their work as public servants. However, in FY21/22, the turnover rate was identical to the one observed in FY18/19. The trend is similar for the absenteeism rate: with 9% in FY21/22, the level is similar to FY19/20.

Ensuring the continuity of our operations with such high turnover and absenteeism rates was difficult. Our HR team's commitment and our staff's ability to stay united were crucial. Furthermore, to respond to staff concerns, the Commission decided to:

- arrange a transportation system for all its staff for those who needed it;
- offer accommodation for those who felt unsafe;
- allow its staff not to wear their uniforms at their office, as some felt at risk.

To foster a culture of trust, the new general manager ensured that all staff were able to go back home safely. Likewise, to ensure that the accommodation provided by the Commission was sufficient, he visited staff during the weekends: this was a way to create informal relationships and encourage people to speak up and share all their concerns.

Finally, to help and support its staff, the Commission managed to pay all their salaries in cash, as banks were not working as usual. All employees working from home received their salaries at their doorstep.

## Evolution of the turnover and absenteeism rates





U Kyi Zin Tun

"As SECM's director general, our role is to lead by example. Therefore, we did everything we could to build trust with our staff, and ensure they could share their concerns openly during this very difficult time. The Commission stood by them: we did our best to pay them in cash, to secure their access to vaccinations and provide them with safe accommodation. We know that the past 18 months have been difficult for all of them, and we are grateful for their commitment and dedication."

## COVID-19

To ensure the continuity of its operations, the Commission implemented a rotation system. This was a way to prevent the spread of the pandemic. Likewise, the sanitisation of the office was organised regularly. Unfortunately, most SECM staff fell sick at some point; however, they all recovered. When they tested positive, people were sent to a quarantine centre, and the Commission sent them food, essential medicine and 30,000 MMK to support them as much as possible. To help its staff and prevent possible serious cases, the Commission secured five oxygen tanks in 2021.

The Commission then organised a vaccination campaign. All its staff are fully vaccinated, and 50% have already received booster shots. Outside the management of the COVID-19 pandemic, the SECM has not recorded any work-related accidents.

## Talent management

To fulfil its mission, the SECM relies heavily on rare skills related to capital markets. Being able to recruit people with the right set of competences is a challenge. Therefore, as the SECM is still a young organisation, talented people can be promoted to assume more responsibility more quickly. Between October 2020 and March 2022, 20 people were given such an opportunity.

91% of SECM staff hold a university degree, of whom 22% hold at least a Master's degree. However, the level of knowledge necessary to carry out the SECM's duties requires further development of our people's skills. Commission members regularly discuss the priorities for developing the SECM's expertise.

As most of our international partners suspended their work with the Commission after February 2021, we could not send our staff abroad as usual. Likewise, the training of our staff had to be postponed, as we had to prioritise their safety. As a result, the Commission managed to provide a total of 1,576 hours of training hours in FY20/21 and FY21/22, mostly dedicated to onboarding our new recruits.

## Compensation and benefits

As a governmental organisation, the SECM's salary structure is decided on and validated by the MOPF. However, to attract and retain its people, the Commission decided to provide them with specific benefits. For instance, to support its employees, the Commission has decided to establish a dedicated fund to provide an extra allowance for maternity, funerals, and serious or severe illness. For the senior management, the Commission has decided to offer specific benefits to enhance their overall compensation: for example, high ranking officials by specific condition can use the Commission's fleet of vehicles.




*Photo Caption: H.E. U Maung Maung Win, Chairman of SECM and Deputy Minister for Ministry of Planning and Finance distinguished guests at the occasion of Listing Ceremony of AMATA Holding Public Co., Ltd. on 3rd June 2021*




*Photo Caption: ACMF Deputies Meeting on 15th September 2021*

# Reporting

## 1. Scope and methodology

This report was prepared under the guidance of the Chairman and the supervision of the Commission's members, especially the working group responsible for developing this annual report and the data collection. The SECM also benefited from the expertise of Yever, a Myanmar-based consultancy.

The report covers the following period:

- FY20/21, from October 2020 to September 2021
- FY21/22, from October 2021 to March 2022, 6 month budget

It covers all the operations of the SECM, whose office is located at 21-25 Sule Pagoda Road, Yangon.

The SECM has made use of the Global Reporting Standards in structuring its non-financial reporting. The Commission engaged with various stakeholders to gather their feedback and identify potential areas of improvement for this third report.

# 2. Market

| KPIs | Unit | FY 21/22 | FY 20/21 | GRI Standards* |
|---|---|---|---|---|
| **Number of securities companies** | Number | 7 | 7 | GRI 102 |
| **Number of listed companies** | Number | 7 | 7 | GRI 102 |
| **Number of large public companies (with at least 100 shareholders)** | Number | 49 | 42 | GRI 102 |
| **Number of companies sanctioned** | Number | - | - | GRI 102 |
| **Number of complaints** | Number | 1 | - | GRI 102 |
| ***Number of inspections*** *(securities companies)* | Number | 1 | - | GRI 102 |
| **Fines** | Millions MMK | - | - | GRI 102 |
| **Number of events organised/supported by the SECM** | Number | 6 | 9 | GRI 102 |
| **Number of partnerships signed** | Number | - | - | GRI 102 |

# 3. Human resources

| KPIs | Unit | FY 21/22 | FY 20/21 | GRI Standards* |
|---|---|---|---|---|
| **Headcount** | Number | 59 | 43 | GRI 102 |
| **Number of women** | Number | 42 | 33 | GRI 102 |
| **Number of men** | Number | 17 | 10 | GRI 102 |
| **Split by age** | | | | |
| 20-35 | Number | 36 | 18 | GRI 102 |
| 36-40 | Number | 7 | 9 | GRI 102 |
| 41-50 | Number | 8 | 7 | GRI 102 |
| 51-60 | Number | 8 | 9 | GRI 102 |

* Please see the details on this website: https://www.globalreporting.org/standards/

| KPIs | Unit | FY 21/22 | FY 20/21 | GRI Standards* |
|---|---|---|---|---|
| **Split by rank** | | | | |
| Directors | Number | 4 | 4 | GRI 102 |
| Officers | Number | 33 | 34 | GRI 102 |
| Staff | Number | 22 | 5 | GRI 102 |
| **Number of new hires** | Number | 18 | 2 | GRI 401 |
| Of which % of women | % | 56% | 50% | GRI 405 |
| **Number of people promoted** | Number | 9 | 15 | GRI 404 |
| Of which % of women | % | 67% | 100% | GRI 405 |
| **Number of departures** | Number | 2 | 28 | GRI 401 |
| **Turnover rate** | % | 4% | 46% | GRI 401 |
| **Absenteeism rate** | % | 9% | 32% | GRI 403 |
| **Total training hours provided** | Number | 1,274 | 302 | GRI 404 |
| **Average hours of training per employee** | Number | 22 | 7 | GRI 404 |
| **Number of work-related accidents** | Number | - | - | GRI 403 |
| **Number of breaches of the Code of Conduct of Public Servants** | Number | - | - | GRI 205 |

# Annex

| | Name | Type | Compliance | Trend |
|---|---|---|---|---|
| 1 | First Myanmar Investment | Listed | | ↔ |
| 2 | Myanmar Thilawa SEZ Holding | Listed | | ↔ |
| 3 | Myanmar Citizen Bank | Listed | | ↔ |
| 4 | First Private Bank | Listed | | ↔ |
| 5 | TMH | Listed | | ↔ |
| 6 | Ever Flow River | Listed | | ↔ |
| 7 | Amata Holding Public Company | Listed | | ↔ |
| 8 | Asia Green Development Bank Public Company Limited | Unlisted | | ↔ |
| 9 | Citizen Business Public Company Limited | Unlisted | | ↔ |
| 10 | Co-Operative Bank Public Company Limited | Unlisted | | ↗ |
| 11 | Dawei Development Public Company Limited | Unlisted | | ↔ |
| 12 | Farmers Development Bank Public Co., Ltd. | Unlisted | | ↗ |
| 13 | The Republic of the Union of Myanmar Forest Products Joint Venture Corporation | Unlisted | | ↔ |
| 14 | G.B.S Agricultural Services Public Co., Ltd. | Unlisted | | ↔ |
| 15 | Global Treasure Bank Public Co., Ltd. | Unlisted | | ↔ |
| 16 | Golden Land East Asia Development Public Co., Ltd. | Unlisted | | ↘ |
| 17 | Golden Myanmar Airlines Public Co., Ltd. | Unlisted | | ↔ |
| 18 | Great Hor Kham Public Co., Ltd. | Unlisted | | ↔ |
| 19 | Kayin State Development Public Company Limited | Unlisted | | ↔ |
| 20 | Mandalay Industrial Zone Development Public Company Limited | Unlisted | | ↔ |
| 21 | Mandalay Myotha Industrial Development Public Company Limited | Unlisted | | ↔ |
| 22 | Maubin Development Public Co., Ltd. | Unlisted | | ↔ |
| 23 | Myanma Agricultural & General Development Public Co., Ltd. | Unlisted | | ↔ |
| 24 | Myanma Economic Holdings Public Co., Ltd. | Unlisted | | ↔ |
| 25 | Myanma Motion Picture Development Public Co., Ltd. | Unlisted | | ↔ |
| 26 | Myanmar Agribusiness Public Co., Ltd. | Unlisted | | ↘ |

| | Name | Type | Compliance | Trend |
|---|---|---|---|---|
| 27 | Myanmar Agro Exchange Public Co., Ltd. | Unlisted | Acceptable | ↘ |
| 28 | Myanmar Automobile Development Public Company Limited | Unlisted | Insufficient | ↔ |
| 29 | Myanmar Edible Oil Industrial Public Co., Ltd. | Unlisted | Acceptable | ↗ |
| 30 | Myanmar Information & Communication Technology Development Corporation | Unlisted | Acceptable | ↗ |
| 31 | Myanmar Irrawaddy Development Public Co., Ltd. | Unlisted | Acceptable | ↗ |
| 32 | Myanmar Licensed Contractors Public Co., Ltd. | Unlisted | Acceptable | ↗ |
| 33 | Myanmar Sugar Development Public Co., Ltd. | Unlisted | Insufficient | ↔ |
| 34 | Myanmar Telecommunication Network Public Co., Ltd. | Unlisted | Insufficient | ↔ |
| 35 | Myeik Corporation Public Co., Ltd. | Unlisted | Acceptable | ↗ |
| 36 | Myeik Future Development Public Co., Ltd. | Unlisted | Insufficient | ↔ |
| 37 | National Development Company Group PCL | Unlisted | Insufficient | ↔ |
| 38 | Oleander Construction Group Public Company Limited | Unlisted | Insufficient | ↔ |
| 39 | Rakhine Development Corporation Public Co., Ltd. | Unlisted | Insufficient | ↔ |
| 40 | Rakhine Economic Initiative Public Co., Ltd. | Unlisted | Insufficient | ↔ |
| 41 | Shanni Development Public Company Limited | Unlisted | Insufficient | ↔ |
| 42 | Small and Medium Enterprises Development Bank Public Co., Ltd. | Unlisted | Insufficient | ↔ |
| 43 | Tanintharyi Division Development Public Co., Ltd. | Unlisted | Insufficient | ↔ |
| 44 | Tavoy Trading Public Co., Ltd. | Unlisted | Insufficient | ↔ |
| 45 | Yangon Bus Public Co., Ltd. | Unlisted | Insufficient | ↔ |
| 46 | BDP Bayint Naung Development Public Co., Ltd. | Unlisted | Acceptable | New |
| 47 | Region 6 Resource Public Co., Ltd. | Unlisted | Insufficient | New |
| 48 | Unique Lawksawk Mango Public Co., Ltd. | Unlisted | Insufficient | New |
| 49 | Yangon Urban Public Transportation Public Co., Ltd. | Unlisted | Insufficient | ↔ |

**Good** **Acceptable** **Insufficient**

# ဥက္ကဋ္ဌ၏ သဝဏ်လွှာ




ယခင်နှစ်သဝဏ်လွှာတွင် "ကော်မရှင်၏ အဓိကတာဝန်မှာ စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသူအနေဖြင့် ဈေးကွက်တွင် ပါဝင် ပတ်သက်သူအားလုံး၏ ရရန်ပိုင်ခွင့်များကို ဖန်တီးပေးခြင်း၊ တိုးပွားစေခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ဖြင့် အများပြည်သူ၏ ယုံကြည်မှုတည်ဆောက်ရန် ဖြစ်သည်။"ဟူ၍ ရေးသားခဲ့ပါသည်။ ယင်းသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တည်းဟူသော အချိန်သုံးပါးစလုံး မှန်ကန်ပါသည်။ အကြောင်းခြင်းရာများ ပြောင်းလဲသည်ဆိုသော်လည်း ယုံကြည်မှုဟူသည် ရှေ့ဆက် လက်လျှောက်လှမ်းရန်အတွက် စွမ်းအင်ဖြစ်ပေသည်။

၂၀၂၁ ခုနှစ်သည် မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့အစည်းများအားလုံးအတွက် စိန်ခေါ်မှုများသော နှစ်တစ်နှစ်ဖြစ်ခဲ့ပါသည်။ မိမိတို့ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည်လည်း စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရပါသည်။ မိမိတို့သည်လည်း ကိုဗစ်-၁၉ကမ္ဘာ့ကပ်ရောဂါနှင့် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ပါရသည်။ ကော်မရှင်၏ မျှော်မှန်းချက်များ ပြည့်မီစေရန် မိမိတို့၏ဝန်ထမ်းများသည် အဓိကအားထားရာ ဖြစ်သကဲ့သို့ ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် လုံခြုံရေးကိုလည်း အမြဲတမ်း ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ ယင်းကဲ့သို့ အခက်အခဲများနှင့် ရင်ဆိုင်နေရသော ကာလအတွင်းတွင် ယုံကြည်မှုထိန်းသိမ်းခြင်းနှင့် တည်ဆောက်ခြင်းမှာ အရေးပါသော ကိစ္စရပ် ဖြစ်ပါသည်။

အခက်အခဲကြုံတွေ့ခဲ့သော်လည်း ကော်မရှင်သည် ယင်း၏ လုပ်ငန်းဆောင်ရွက်များကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ မိမိတို့ကော်မရှင်အဖွဲ့၏ နှစ်မြုပ်ဆောင်ရွက်မှုနှင့် ရဲစွမ်းသတ္တိတို့မှာ လေးစားဖွယ်ဖြစ်ပြီး ၎င်းတို့၏ ဆောင်ရွက်မှုဖြင့် ကော်မရှင်ဖွဲ့စည်းပြီး ယင်း၏လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်သည့် အချိန်မှစ၍ ရင်းနှီးမြှုပ်နှံသူများအပေါ် အကာအကွယ် ပေးနိုင်မှုအခြေအနေများကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပါသည်။ အဆိုပါ ကိစ္စရပ်သည် မြန်မာ့အရင်းအနှီးဈေးကွက်ပြန်လည် ဦးမော့လာစေရေးအတွက် အရေးပါသော ကိစ္စရပ်ဖြစ်ပါသည်။

ယခင်နှစ်သဝဏ်လွှာတွင် "ကော်မရှင်၏ အဓိကတာဝန်မှာ စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသူအနေဖြင့် ဈေးကွက်တွင် ပါဝင် ပတ်သက်သူအားလုံး၏ ရရန်ပိုင်ခွင့်များကို ဖန်တီးပေးခြင်း၊ တိုးပွားစေခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ဖြင့် အများပြည်သူ၏ ယုံကြည်မှုတည်ဆောက်ရန် ဖြစ်သည်။"ဟူ၍ ရေးသားခဲ့ပါသည်။ ယင်းသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တည်းဟူသော အချိန်သုံးပါးစလုံး မှန်ကန်ပါသည်။ အကြောင်းခြင်းရာများ ပြောင်းလဲသည်ဆိုသော်လည်း ယုံကြည်မှုဟူသည် ရှေ့ဆက် လက်လျှောက်လှမ်းရန်အတွက် စွမ်းအင်ဖြစ်ပေသည်။ အဆိုပါစွမ်းအင်ဖြင့်ကော်မရှင်သည် ယင်း၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကော်မရှင်၏ အခန်းကဏ္ဍသည် မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးရန်ဖြစ်ရာ နိုင်ငံ့စီးပွားစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု တို့ဖြင့် မှန်ကန်စွာ ဆောင်ရွက်လျက်ရှိပေသည်။

ယခုအစီရင်ခံစာသည် ပြည့်စုံမှု မရှိသော်လည်း ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် ဖွင့်ဟထုတ်ဖော်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းနိုင်မည်ဖြစ်ပြီး ကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် တာဝန်ယူမှု တာဝန်ခံမှုတို့ကို ခိုင်မာစေပါသည်။ ကော်မရှင်အနေဖြင့် ကုမ္ပဏီများအား ပိုမိုပွင့်လင်းမြင်သာမှု ရှိစေရန် တိုက်တွန်းသည့်နှင့်အမျှ ကော်မရှင်၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှုများအား ထင်ဟပ်စေသည့် အချက်အလက်များကို ထုတ်ပြန်ခြင်းဖြင့် မိမိတို့တိုက်တွန်းသကဲ့သို့ ကိုယ်တိုင်လက်ခံကျင့်သုံးရန်လည်း ဆုံးဖြတ်ခဲ့ပါသည်။

လုပ်ငန်းအခြေအနေတိုးတက်လာစေရန်အတွက် ကျွန်ုပ်တို့ အဖွဲ့အစည်းတစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရပါ။ နိုင်ငံတကာ စံများနှင့် အညီ မိမိတို့အလေ့အကျင့်များကို လိုက်လျောညီထွေစွာ ဆောင်ရွက်ရန် အထောက်အပံ့ လိုအပ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ဒေသတွင်းနိုင်ငံများမှ ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စဉ်ဆက်မပြတ် ဘဏ္ဍာငွေပံ့ပိုးမှုမှ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ အလားတူငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် ငွေကြေးဆိုင်ရာ အရေးယူ ဆောင်ရွက်ရေးအဖွဲ့၏ ထောက်ခံအကြံပြုချက် (၄၀)ကို အကောင်အထည်ဖော်ဆောင်ရန် နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများ ရယူရန်လိုအပ်ပေသည်။ မိမိတို့သည် သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်စတင်ရန် အသင့် ပြင်ဆင်ထားပါသည်။

ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးနိုင်ရန် အကောင်းဆုံးသော အခြေအနေကို ဖန်တီးထားသကဲ့သို့ အရင်းအနှီး ဈေးကွက်သို့ဝင်ရောက်မည့် အများနှင့် သက်ဆိုင်သောကုမ္ပဏီများအတွက် ဝန်ဆောင်မှုပေးရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၁ ခုနှစ် ၊ ဇွန်လတွင် ရန်ကုန်စတော့အိပ်ချိန်းသို့ သတ္တမမြောက် စာရင်းဝင်ကုမ္ပဏီတစ်ခုဝင်ရောက်လာသည်ကို မြင်တွေ့ရသည့် အတွက် ဝမ်းမြောက်မိပါသည်။ ငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စာရင်းဝင်အကြိုဈေးကွက်တို့ အတွက်လိုအပ်သော စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများအားလုံး ပြင်ဆင်နေကြောင်း သတိပြုမိပါသည်။ အဆိုပါ ခြေလှမ်းများသည် လိုအပ်သကဲ့သို့ ဆက်လက် ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကျန်ရှိနေပါသည်။

၂၀၂၁ ခုနှစ်တွင် ကော်မရှင်အဖွဲ့ဝင်(၂)ဦးကို လက်ခံကြိုဆိုခဲ့ပါသည်။ ကော်မရှင်၏လုပ်ငန်းများတွင် အတွင်းရေးမှူးအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးခဲ့သည့် ယခင် ညွှန်ကြားရေးမှူးချုပ်အား ကျေးဇူးများစွာ တင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။ ကော်မရှင်အဖွဲ့ဝင်များ၏ ဦးဆောင်မှုအောက်တွင် လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ခိုင်မာစွာ ယုံကြည်ပြီး ယခုအခါ လုပ်ငန်းခွင်တွင် မိမိတို့၏ လုပ်ငန်းအပေါ် အလေးအနက်ထားပြီး ကျင့်ဝတ်သိက္ခာနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်ပါသည်။

ယခု တတိယအကြိမ်အစီရင်ခံစာ ထုတ်ပြန်ရာတွင် ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် စာရင်းဝင် ကုမ္ပဏီများအပါအဝင် လုပ်ငန်းနှင့်ဆက်စပ်သူများ အားလုံးနှင့်တွေ့ဆုံခဲ့ပါသည်။ ကျွန်ုပ်တို့၏ တွေ့ဆုံဆွေးနွေးမှုသည် လက်ရှိကာလ၏ အခက်အခဲများကို ကျော်လွှားနိုင်ရန် အရေးပါကြောင်းယုံကြည်ပါသည်။ ယခုအစီရင်ခံစာသည် ကျွန်ုပ်တို့၏ တာဝန်ယူမှု တာဝန်ခံမှုရှိစွာ ဆောင်ရွက်မှုနည်းလမ်းနှင့် ကျွန်ုပ်တို့၏ မျှော်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် အလေးအနက်ထား ဆောင်ရွက်နေကြောင်းဖော်ပြပါသည်။ ယခုအစီရင်ခံစာသည် ပြည့်စုံမှု မရှိသော်လည်း ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် ဖွင့်ဟထုတ်ဖော်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းနိုင်မည်ဖြစ်ပြီး ကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် တာဝန်ယူမှု တာဝန်ခံမှုတို့ကို ခိုင်မာစေပါသည်။ ကော်မရှင်အနေဖြင့် ကုမ္ပဏီများအား ပိုမိုပွင့်လင်းမြင်သာမှု ရှိစေရန် တိုက်တွန်းသည့်နှင့်အမျှ ကော်မရှင်၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှုများအား ထင်ဟပ်စေသည့် အချက်အလက်များကို ထုတ်ပြန်ခြင်းဖြင့် မိမိတို့တိုက်တွန်းသကဲ့သို့ ကိုယ်တိုင်လက်ခံကျင့်သုံးရန်လည်း ဆုံးဖြတ်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ ဖွင့်ဟထုတ်ဖော်မှုများ မြှင့်တင်ရန် အကူအညီပေးသည့်အတွက် လူကြီးမင်းတို့၏ အကြံပြုချက်များကို ဝမ်းမြောက်စွာ ကြားသိလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ကော်မရှင်အဖွဲ့ဝင်များ၊ အရာထမ်းနှင့် အမှုထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ကော်မရှင်တွင် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများနှင့် တာဝန်မှ အငြိမ်းစားယူသွားကြသော ဝန်ထမ်းများအားလုံးကိုလည်း ကျေးဇူး တင်ရှိကြောင်းနှင့် ၎င်းတို့၏ စိတ်အားထက်သန်မှု၊ တာဝန်သိမှု၊ တာဝန်ယူမှုတို့ကြောင့် ယနေ့အထိ အောင်မြင်စွာ လျှောက်လှမ်းနိုင်ခဲ့ ခြင်းဖြစ်ပါကြောင်း လှိုက်လှဲစွာကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

ဦးမောင်မောင်ဝင်း

ဥက္ကဋ္ဌ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်

ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# အစီရင်ခံစာ၏ ရည်ရွယ်ချက်

မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေအရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ထို အချိန်မှ စ၍ ကော်မရှင်သည် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွဲ့စည်း တည်ထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြှင့်တင်ရေးတို့ကို ဈေးကွက်တွင် အဓိကပါဝင်သူများနှင့် အတူတကွ ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

## အဓိကအချက်များ

- မြန်မာနိုင်ငံအရင်းအနှီးဈေးကွက်ကို ခေတ်နှင့်အညီ တည်ထောင်ခြင်းသည် ၁၉၉၀ပြည့်လွန်နှစ်များက စတင်ဖော်ဆောင်ခဲ့သည့် ခရီးရှည်တစ်ခု၏ ရလဒ်ဖြစ်ပါသည်။
- ၂၀၁၃ခုနှစ်တွင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ဖွဲ့စည်းကာ၂၀၁၄ခုနှစ်တွင် လုပ်ငန်းများ စတင် ဆောင်ရွက်ခဲ့သည်။
- ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ၆၇နှင့် အညီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကော်မရှင်သည် မြန်မာနိုင်ငံ၏အရင်းအနှီးဈေးကွက်ဖွံ့စည်းတည်ထောင်ခြင်း ၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်သည် လိုအပ်သောအမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို အခါအားလျော်စွာထုတ်ပြန် ခဲ့ပြီး ယင်းတို့ကို ကော်မရှင်၏ဝက်ဘ်ဆိုက်ဒ်တွင် ဖတ်ရှုနိုင်ပါသည်။
- ကော်မရှင်သည် ဒေသတွင်းနိုင်ငံများရှိ အရင်းအနှီးဈေးကွက်ကို ကြီးကြပ်သူလုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံနှင့်လိုက်လျောညီထွေဖြစ်စေမည့် ခိုင်မာသောမူဝါဒများနှင့် သင့်လျော်သော လုပ်ထုံးလုပ်နည်းများ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ခဲ့ပါသည်။
- ဈေးကွက်တွင် အဓိကပါဝင်သူများမှာ၂၀၁၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ရန်ကုန်စတော့အိပ်ချိန်း၊ ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီ၇ခုနှင့် ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားသူ ၄၄,၆၇၀ဦး တို့၏ကြားခံအဖွဲ့အစည်းများအဖြစ် ဆောင်ရွက်ပေးနေသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(၆)ခု နှင့် ရင်းနှီးမြှုပ်နှံမှုအကြံပေး ကုမ္ပဏီ၁ခု တို့ဖြစ်သည်။
- ၂၀၂၂ခုနှစ်မတ်လ၃၁ရက်နေ့အထိ ရန်ကုန်စတော့အိပ်ချိန်း စာရင်းဝင်ကုမ္ပဏီ(၇)ခုတို့၏ ဈေးကွက်တွင် ရင်းနှီး မြှုပ်နှံမှုတန်ဖိုးမှာ ကျပ် ၆၃၈,၈၃၄ သန်း ဖြစ်ပြီးငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများတွင် ငွေချေးသက်သေခံ လက်မှတ်စာရင်းဖွင့်လှစ်သူ ၄၄,၆၇၀ဦး ဖြစ်သည်။
- ကော်မရှင်သည် ဈေးကွက်ကို အနီးကပ်စောင့်ကြည့်စစ်ဆေးလျက်ရှိပြီး အရင်းအနှီးဈေးကွက်အပေါ် အများပြည်သူရင်းနှီး မြှုပ်နှံသူများ၏ ယုံကြည်မှုရှိစေရန် အကာအကွယ်ပေးလျက်ရှိပြီး လိုအပ်သော အရေးယူဆောင်ရွက်မှုများပြုလုပ်လျက် ရှိသည်။

## အဓိကကိန်းဂဏန်းများ

မြန်မာနိုင်ငံတွင် ငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီ ၆ ခုနှင့် ရင်းနှီးမြှုပ်နှံမှုအကြံပေးကုမ္ပဏီ ၁ ခုတို့ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

YSX တွင် စာရင်းဝင်ကုမ္ပဏီ ၇ ခုရှိပါသည်။

အစုရှယ်ယာရှင် ၁၀၀ နှင့် အထက်ရှိသည့် အများနှင့် သက်ဆိုင်သောကုမ္ပဏီ ၄၉ ခု ရှိပါသည်။

၂၀၂၂ခုနှစ်မတ်လ၃၁ ရက်နေ့တွင် ရှိသော စာရင်းဝင် ကုမ္ပဏီ(၇)ခု၏ ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ကျပ် ၆၃၈,၈၃၄ သန်းဖြစ်သည်။

YSXတွင်၂၀၂၁ခုနှစ်အတွင်း အစုရှယ်ယာစောင်ရေ ၉၄၄,၅၇၉ စောင်အရောင်း အဝယ်ဖြစ်ခဲ့ပြီးတန်ဖိုးမှာ ကျပ် ၄၈၀၉.၄ သန်း ဖြစ်သည်။

တိုင်ကြားစာ ၁ စောင် လက်ခံရရှိခဲ့သည်။

ငွေချေးသက်သေခံလက်မှတ်စာရင်း အသစ်ဖွင့်လှစ်ထားသူများမှ ကျပ် ၂,၀၄၀ သန်း ရင်းနှီးမြှုပ်နှံခဲ့သည်။

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ၁ ခုအား လုပ်ငန်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည်။

ကော်မရှင်ရုံးဝန်ထမ်း ၅၉ ဦးဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါသည်။

ကော်မရှင်သည် အရင်းအနှီးဈေးကွက် မြှင့်တင်ရန်နှင့် အများ ပြည်သူများ အသိအမြင်မျှဝေရန် အတွက် ဆွေးနွေးပွဲ ၁၅ ကြိမ်ပါဝင် ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာနှစ် အတွက် ကော်မရှင်ရုံး၏ရသုံးခန့်မှန်းခြေ ငွေစာရင်းမှာ ကျပ် ၃၆၃.၈ သန်း ဖြစ်သည်။

ငွေချေးသက်သေခံလက်မှတ်စာရင်း နှင့် စပ်လျဉ်းသည့် မူဝါဒသစ် ၄ ခု ထုတ်ပြန်ခဲ့သည်။

# ၁။ အလေးထားရမည့်အချက်များ

## လုပ်ငန်းများစဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း

ကော်မရှင်သည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် နိုင်ငံရေးပြောင်းလဲမှုများ၏ သက်ရောက်မှုများ ရှိခဲ့သော်လည်း ကော်မရှင်၏ လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ခဲ့ပြီး ဝန်ထမ်းများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်လုံခြုံရေးတို့ကို အလေးထား ဆောင် ရွက်ခဲ့သည်။

- ကျန်းမာရေး။ ။၂၀၂၁ခုနှစ်ဇူလိုင်လမှ စက်တင်ဘာလအတွင်း ကိုဗစ်ကပ်ရောဂါတတိယလှိုင်းကာလတွင် ဝန်ထမ်းများ အားလုံးနီးပါးရောဂါကူးစက်ခံခဲ့ရသည်။ ကော်မရှင်သည် ရောဂါကူးစက်ခံရသည့် ဝန်ထမ်းများအတွက် ထောက်ပံ့စရိတ်များ ထောက်ပံ့ပေးခဲ့သည်။ ၂၀၂၂ခုနှစ်မတ်လကုန်တွင် ဝန်ထမ်းအားလုံးကာကွယ်ဆေး အပြည့်အဝ ထိုးနှံပေးခဲ့သည်။

- ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေး။ ။၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းတည်ထောင်ပြီးနောက် ကော်မရှင်ရုံးသည် ရန်ကုန်မြို့လယ်၏ လူစည်ကားသည့်နေရာတွင် တည်ရှိသောကြောင့် ကော်မရှင်ရုံးအနီးတွင် မကြာခဏ ဆန္ဒပြမှုများဖြစ်ပွားခဲ့၍ ဝန်ထမ်းများဘေးကင်းလုံခြုံစေရန်အတွက် ကော်မရှင်သည် ဝန်ထမ်းကြို/ပို့ယာဉ်များစီစဉ်ပေးခြင်း၊ နေရာထိုင်ခင်းစီစဉ်ဆောင်ရွက်ပေးခြင်းနှင့် သင့်လျော်သော လုပ်ငန်းခွင် အခြေအနေပြောင်းလဲဆောင်ရွက်ပေးခြင်း (ဥပမာ-ဝန်ထမ်းများအား တူညီဝတ်စုံမဝတ်ဆင်စေခြင်း) တို့ကို စီစဉ်ခဲ့သည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာအကြောင်းပြချက်ဖြင့် အချို့သောဝန်ထမ်းများသည် လုပ်ငန်းခွင်မှ ထွက်ခွာရန်ဆုံးဖြတ်ခဲ့သဖြင့် ကော်မရှင်သည်လုပ်ငန်းဆောင်ရွက်မှုအပေါ် အကျိုးသက်ရောက်မှုအနည်းဆုံးဖြစ်စေရန် ဝန်ထမ်းအင်အား ပြန်လည် ဖွဲ့စည်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အသေးစိတ်အချက်လက်များကိုစာမျက်နှာ ၆၃ တွင်ဖတ်ရှုနိုင်သည်။

## မြန်မာ့အရင်းအနှီး ဈေးကွက်ကို ပံ့ပိုးကူညီခြင်း

ကော်မရှင်သည် အောက်ဖော်ပြပါအချက်များကို အလေးထားဆောင်ရွက်ခဲ့သည်။

- ၂၀၂၁ခုနှစ်ဇွန်လတွင် အမတဟိုးလ်ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ရန်ကုန်စတော့အိပ်ချိန်း၏ ၇ ခု မြောက်စာရင်းဝင်ကုမ္ပဏီဖြစ်လာသည်။

- ကော်မရှင်သည် မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်သို့ ဝင်ရောက်၍ ရင်းနှီးငွေရှာဖွေလိုသော အသေးစားနှင့် အလတ်စားကုမ္ပဏီများအတွက် စာရင်းဝင် အကြိုဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်လာစေရေး ဈေးကွက်သို့ ဝင်ရောက်မည့် သင့်လျော်သော ကုမ္ပဏီများအား ဖော်ထုတ်ရန်အတွက် စက်မှုဝန်ကြီးဌာနနှင့် အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးအေဂျင်စီတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

- ကော်မရှင်သည် ပြည်တွင်းငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆင့်ပွား ငွေချေးစာချုပ်ဈေးကွက် ထူထောင်ရန် တွန်းအားပေးဆောင်ရွက်ချက်အနေဖြင့် ပြည်တွင်းငွေချေးစာချုပ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှတစ်ဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်စတော့အိပ်ချိန်းနှင့်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ဆောင်ရွက် လျက်ရှိသည်။

- မြန်မာနိုင်ငံသည် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် (ACMF) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ရာ ကော်မရှင်သည် ရေရှည် တည်တံ့ခိုင်မြဲသောဘဏ္ဍာငွေထောက်ပံ့ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများနှင့် သက်ဆိုင်သည့် စံနှုန်းများ ကို ဆွေးနွေးကြသည့် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းအဖွဲ့မှ ကျင်းပပြုလုပ်သော အစည်းအဝေး များတွင်ပါဝင်ခဲ့သည်။[၁]

အသေးစိတ်ကို စာမျက်နှာ ၅၇ တွင် ဖတ်ရှုနိုင်ပါသည်။

၁။ https://www.theacmf.org/initiatives/sustainable-finance တွင် ကြည့်ပါ။

### *ကော်ပိုရိတ်စီမံအုပ်ချုပ်မှု*

ကော်မရှင်သည် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အောက်ပါလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

- ကော်မရှင်အဖွဲ့ဝင်သစ်နှစ်ဦးအဖြစ် ဒေါ်နွဲ့နွဲ့ဝင်းနှင့်ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်နေသော ဦးကြည်ဇင်ထွန်းတို့အား ခန့်အပ်ခဲ့သည်။
- မြန်မာနိုင်ငံကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူဘောင်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ထိရောက်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွက် လိုက်နာဆောင်ရွက်ရန် လမ်းညွှန်ချက်ဖြစ်သည့် အမိန့်ကြော်ငြာစာ (၂/၂၀၂၀) နှင့် စာရင်းဝင်ကုမ္ပဏီများနှင့် အစုရှယ်ယာရှင်(၁၀၀)ဦးနှင့် အထက်ရှိသော အများနှင့်သက်ဆိုင်သောကုမ္ပဏီများအတွက် ဆက်နွယ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရန် လမ်းညွှန်ချက်ဖြစ်သည့် ညွှန်ကြားချက်(၃/၂၀၂၀)တို့ကို ထုတ်ပြန်ခဲ့သည်။
- ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့(FATF)မှ ထုတ်ပြန်သော အကြံပြုချက် ၄၀ နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှုကို အာရှ/ပစိဖိတ်ဒေသဆိုင်ရာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအဖွဲ့(APG)မှ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပုံမှန်စောင့်ကြည့် စစ်ဆေးလျက်ရှိသည်။ လက်ရှိတွင် မြန်မာနိုင်ငံအတွက် ဆောင်ရွက် ကြိုးပမ်းမှုကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။ သို့ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ ထံမှ နည်းပညာကျွမ်းကျင်မှု အကူအညီနှင့် ပံ့ပိုးကူညီမှု မရရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် တိုးတက်မှုများ ရရှိရန် ခက်ခဲလျက်ရှိသည်။

အသေးစိတ်ကို စာမျက်နှာ ၄၈ တွင် ဖတ်ရှုနိုင်ပါသည်။

# ၂။ မျှော်မှန်းချက်နှင့် ရည်မှန်းချက်

## မျှော်မှန်းချက်

**"ဖွံ့ဖြိုးတိုးတက်နေသည့် ကမ္ဘာ့ငွေချေးသက်သေခံလက်မှတ်ဈေးကွက်နှင့်အတူ စည်းကမ်းကျနသော မြန်မာငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖြစ်ထွန်းလာရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်"**

ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့သော ခေတ်သစ်စီးပွားရေးတည်ထောင်ရာတွင် ခိုင်မာ၍စနစ်ကျသည့် အရင်းအနှီးဈေးကွက်များသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်သည်။ နိုင်ငံများသည် ယင်းတို့၏ အရင်းအနှီးဈေးကွက် ရှင်သန်ကြီးထွားစေရန်နှင့် ရင်းနှီးငွေများ ပိုမိုလွယ်ကူစွာရရှိစေရန် နည်းလမ်း နှစ်သွယ်ဖြင့် စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါသည် -

- နိုင်ငံ့အရင်းအနှီးဈေးကွက်အား ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့်
- လုံခြုံစိတ်ချ၍ မျှတမှုရှိသော ဈေးကွက်ဖြစ်စေရန် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အလေ့အကျင့်များ အပေါ် အခြေခံ၍ တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်း။

အာဆီယံအရင်းအနှီးဈေးကွက်များဖိုရမ်(ACMF)တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံသည် နိုင်ငံ့အရင်းအနှီးဈေးကွက် ဖွံ့စည်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းတို့ကို ACMF လမ်းပြမြေပုံအကောင်အထည်ဖော်ရာတွင် ပါဝင်ခြင်းဖြင့် အခိုင်အမာ ဆောင်ရွက်ရန်ဖြစ်သည်။

## ရည်မှန်းချက်

**"ရင်းနှီးမြှုပ်နှံသူများကို ကာကွယ်ပေးခြင်းနှင့် နိုင်ငံတော်၏စီးပွားရေးကို မြှင့်တင်ပေးခြင်းတို့ဖြင့် မျှတ၍ လုံခြုံစိတ်ချရပြီး ငွေဖြစ်လွယ်သော ငွေချေးသက်သေခံလက်မှတ်ဈေးကွက်အဖြစ် ထိန်းသိမ်းရန်"**

အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယုံကြည်မှုသည် အဓိကအကျဆုံး ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ယုံကြည်မှုမရှိပါက ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယင်းတို့၏ ငွေကြေးအရင်းအမြစ်များအား ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည် မဟုတ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများသည်လည်း လုပ်ငန်းချဲ့ထွင်မှုအတွက် စွမ်းအင်ဖြစ်သော ရင်းနှီးငွေရရှိမှုအခွင့်အလမ်းများ ရရှိနိုင်စွမ်းမရှိခြင်းတို့ကြောင့် အကျိုးဆက်အနေဖြင့် စီးပွားရေးတုံ့ဆိုင်းမှုဖြစ်ပေါ်စေသည်။ သို့ဖြစ်ရာ ကော်မရှင်သည် မြန်မာ့အရင်းအနှီးဈေးကွက်ခိုင်မာအားကောင်းစေရန်အတွက် ဈေးကွက်အပေါ် ယုံကြည်မှုတည်ဆောက်ခြင်းကို အခြေခံအုတ်မြစ်သဖွယ် အထူး ဦးစားပေးဆောင်ရွက်ခဲ့သည်။

# ၃။ မြန်မာ့အရင်းအနှီးဈေးကွက်

## ဈေးကွက်တွင်ပါဝင်သူများ

မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်သည် ဖွံ့ဖြိုးစဖြစ်သော်လည်း ခိုင်မာစွာဖွဲ့စည်းထားသည့် ဈေးကွက်ဖြစ်သည်။ ကော်မရှင်သည် ယင်း၏ မျှော်မှန်းချက်များဖော်ဆောင်ရာတွင် ဈေးကွက်တွင် ပါဝင်သူများဖြစ်ကြသည့် ရင်းနှီးမြှုပ်နှံသူများ၊ ငွေချေး သက်သေခံ လက်မှတ်များထုတ်ဝေသည့် ကုမ္ပဏီများနှင့် ကြားခံဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတို့အကြား အားပေးမြှင့်တင်ရန်နှင့် ယုံကြည်မှုတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည်။ ဈေးကွက်တွင်ပါဝင်သူများ၏ အခန်းကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို အောက်ပါပုံကားချပ်တွင် ဖော်ပြထားသည်-




အရင်းအနှီးဈေးကွက်တွင်ရင်းနှီးမြှုပ်နှံလိုသူများသည်ငွေချေး သက်သေခံလက်မှတ်များ [1] ကို -

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှတစ်ဆင့် ထုတ်ဝေရောင်းချသည့် အစိုးရငွေတိုက်စာချုပ်များ နှင့်
- အများနှင့်သက်ဆိုင်သောကုမ္ပဏီများမှထုတ်ဝေရောင်းချသည့်အစုရှယ်ယာများကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ [2] မှတစ်ဆင့် ဝယ်ယူနိုင် ပါသည် [3]။

ငွေချေးသက်သေခံလက်မှတ်အမျိုးအစားပေါ် မူတည်၍ သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသူများသည် ချမှတ်ထားသည့်ဥပဒေ၊ နည်းဥပဒေများနှင့် အညီ လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် အများနှင့် သက်ဆိုင်သောကုမ္ပဏီများအား ကြီးကြပ်ကွပ်ကဲခြင်းကို [A] -

- ငွေတိုက်စာချုပ်ရောင်းဝယ်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသူ အဖြစ် လည်းကောင်း ၊
- ကုမ္ပဏီများမှ ထုတ်ဝေသည့် ငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်း၍ ကော်မရှင်သည် ကုမ္ပဏီများမှ ထုတ်ဝေသော အစုရှယ်ယာများနှင့် ငွေချေးစာချုပ်များ ရောင်းဝယ်ရာတွင် အောက်ပါလုပ်ငန်းများအတွက် စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသူအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ရာတွင် -
  - ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအနေဖြင့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/ မရှိ ကိုလည်းကောင်း [C] ၊
  - အများနှင့်သက်ဆိုင်သောကုမ္ပဏီများမှ ဖွင့်ဟထုတ်ဖော်မှု အရည်အသွေးကို လည်းကောင်း ကြီးကြပ်စစ်ဆေးလျက်ရှိသည် [B] ။

# ကော်မရှင်၏လုပ်ငန်းဆောင်ရွက်ချက်များ

မြန်မာနိုင်ငံတွင် ခိုင်မာသော အရင်းအနှီးဈေးကွက်တည်ဆောက်ရန် ကော်မရှင်သည် အဓိကလုပ်ငန်းနှစ်ရပ်ကို ဆောင်ရွက်လျက် ရှိသည် -

### *ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများ တိုးမြှင့်ဆောင်ရွက်ခြင်း*

မူဝါဒရေးရာဖွံ့ဖြိုးတိုးတက်ရေးဌာနသည် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိ ချမှတ်ထားသည့် မူဝါဒရေးရာမူဘောင်ကို အားဖြည့်ဆောင်ရွက်ရန်နှင့် ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ထိရောက်သည့် ဈေးကွက်ဖြစ်ထွန်းပေါ် ပေါက်လာစေရန်တို့အတွက် ဝန်ထမ်းအင်အား(၁၀)ဦးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းဌာန၏ လုပ်ငန်းဆောင်ရွက်ချက် အသေးစိတ်အချက်အလက်များကို စာမျက်နှာ ၅၇ တွင် ဖော်ပြထားပါသည်။

### *ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအား စောင့်ကြည့် စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း*

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းအား ကြီးကြပ်ကွပ်ကဲရန်နှင့် စောင့်ကြည့်စစ်ဆေးရန် ဝန်ထမ်း (၂၅) ဦး ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ ရန်ကုန်စတော့အိပ်ချိန်းအား ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ အပါအဝင် ဈေးကွက်တွင် ပါဝင်သူများအား ကြီးကြပ်ကွပ်ကဲခြင်းတို့ဆောင်ရွက်ရန် ဝန်ထမ်း(၁၃)ဦးဖြင့်လည်းကောင်း၊ ဈေးကွက်စုံစမ်း ထောက်လှမ်းခြင်းနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းစစ်ဆေးခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ စည်းမျဉ်း စည်းကမ်းလိုက်နာမှု ရှိမရှိ စစ်ဆေးခြင်းတို့ဆောင်ရွက်ရန် ဝန်ထမ်း(၁၂)ဦးဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ အရင်းအနှီး ဈေးကွက်အားလုံခြုံစိတ်ချရသော ဈေးကွက်တစ်ခု ဖြစ်လာစေရေး မြှင့်တင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန်ဟူသော အန္တိမရည်မှန်းချက်နှင့်အညီ တည်ဆဲ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာကျင့်သုံးစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ အသေးစိတ် အချက်အလက်များကို စာမျက်နှာ ၅၉ တွင် ဖော်ပြထားပါသည်။

ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဈေးကွက်တွင် အဓိက ပါဝင်သူတို့အကြား ပေါင်းစပ်ညှိနှိုင်းမှု အကျိုးရလဒ်များကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည် -

| ပါဝင်သူများ | အကျိုးရလဒ်များ | ကော်မရှင်၏ဆောင်ရွက်ချက်များ |
|---|---|---|
| <br>ရင်းနှီးမြှုပ်နှံသူများ | • ဆုံးရှုံးနိုင်ခြေများကို ရှင်းလင်းစွာသိရှိ နားလည်ခြင်း၊<br>• ရင်းနှီးမြှုပ်နှံမှုမပြုမီ ဆုံးဖြတ်နိုင်ရန်အတွက် အရေးပါသည့် သတင်းအချက်အလက်များ လွယ်ကူစွာ ရရှိနိုင်ခြင်း၊<br>• အစုရှယ်ယာဝင်များ၏ အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ခြင်း၊ | • ဈေးကွက်တွင် ပါဝင်သူများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် စောင့်ကြည့် စစ်ဆေးခြင်း၊<br>• ဈေးကွက်လုပ်ထုံးလုပ်နည်းများ ပိုမိုကောင်းမွန်စေရေး အားပေး မြှင့်တင်ရန်အတွက် မူဝါဒသစ်များ ဖော်ထုတ်ခြင်း၊ |
| <br>ဈေးကွက်တွင် တဆင့်ခံ ဝန်ဆောင်မှု ပေးသူများ | • တိကျ၍ လိုက်လျောညီထွေရှိသော ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊<br>• လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူကို အကြံပေးရန်အတွက် ငွေချေးသက်သေခံ လက်မှတ် ထုတ်ဝေသူများထံမှ ကိန်းဂဏန်း အချက်အလက်များ ရရှိနိုင်ခြင်းနှင့် သုံးသပ်နိုင်ခြင်း၊<br>• စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊ | • လမ်းညွှန်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်း၊<br>• ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများနှင့် ရန်ကုန်စတော့ အိပ်ချိန်း၏ လုပ်ငန်းခွင်များသို့ သွားရောက်စစ်ဆေးခြင်းနှင့် စောင့်ကြည့် လေ့လာခြင်း၊ |
| <br>အစုရှယ်ယာ ထုတ်ဝေရောင်းချသည့် ကုမ္ပဏီများ | • အရင်းအနှီးနှင့်ရင်းနှီးမြှုပ်နှံမည့်သူများ ရရှိနိုင်ခြင်း၊<br>• ဈေးကွက်တွင်ပါဝင်သူတို့အကြား မျှတ၍ ညီမျှသော ဝန်းကျင်ရရှိခြင်း၊<br>• စည်းမျဉ်းစည်းကမ်းများ လိုက်နာနိုင်ရန် ရှင်းလင်းမှု ရှိခြင်း၊<br>• လုံလောက်၍ အချိန်အခါသင့် သတင်းအချက်အလက်များ ဖွင့်ဟထုတ်ဖော်ခြင်း၊ | • စာရင်းဝင်ကုမ္ပဏီများနှင့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများ၏ လုပ်ငန်းခွင်သို့ သွားရောက် စစ်ဆေးခြင်းနှင့် စောင့်ကြည့် လေ့လာခြင်း၊<br>• မူဝါဒသစ်များ ထုတ်ပြန်ခြင်း၊<br>• ဈေးကွက်တွင် ပါဝင်သူများနှင့် တွဲဖက်၍ ကော်ပိုရိတ်ငွေချေး စာချုပ်ဈေးကွက် ဖြစ်ထွန်းလာစေရေး ဆောင်ရွက်ခြင်း၊ |

ကော်မရှင်အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည် -

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (MOPF)** ။ ။ ကော်မရှင်သည်ဝန်ကြီးဌာန(MOPF)၏ အဖွဲ့အစည်းတစ်ခုဖြစ်သည့် အားလျော်စွာဘဏ္ဍာရေးနှင့် လူ့စွမ်းအား အရင်းအမြစ်များအတွက် ဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှု အောက်တွင် ရှိပါသည်။
ငွေချေး သက်သေခံလက်မှတ်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအားလုံးအတွက် အစိုးရအဖွဲ့အား အကြံပေးနိုင်ပါသည်။ အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်၏ လမ်းပြမြေပုံနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ အကောင်အထည်ဖော်သည့် ကိစ္စရပ်များတွင် ပူးပေါင်းပါဝင်လျက်ရှိသောကြောင့် မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေးနှင့် ခိုင်မာတောင့်တင်းရေးအတွက် အဓိကကျသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

**အခြားသောအစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။ ။**

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများအား ကြီးကြပ်ထိန်းကျောင်းခြင်းနှင့် နိုင်ငံတော်ကိုယ်စား အစိုးရငွေတိုက် စာချုပ်များ ထုတ်ဝေရောင်းချသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ကော်မရှင်မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ပြည်တွင်းငွေချေးစာချုပ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အဖွဲ့ဝင်အဖြစ် ပါဝင်ပါသည်။
- ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ကုမ္ပဏီများမှတ်ပုံတင်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများကို ဆောင်ရွက်သည့် အဖွဲ့အစည်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီရေးရာ ကိစ္စရပ်များအတွက် စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသူအဖြစ် ဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် ကော်မရှင်သည် မြန်မာ့အရင်းအနှီး ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် OECD ၊ IFC နှင့် MIOD တို့နှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံတကာလုပ်ငန်းတူအဖွဲ့အစည်းများ ။ ။** ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးဆုံးဖြတ်ချက်အရ အဖွဲ့အစည်းဆိုင်ရာ မူဘောင်သဘောတူညီချက်ဖြင့် ဖွဲ့စည်းထူထောင်ခဲ့သည့် အာရှငွေချေးစာချုပ်ဈေးကွက်များ ဖော်ဆောင်ရေး (Asian Bond Market Initiative - ABMI) အောက်တွင် အာဆီယံ+၃ ငွေချေးစာချုပ်ဈေးကွက်ဖိုရမ် (ASEAN+3 Bond market Forum - ABMF) ကို ဖွဲ့စည်းခဲ့ပါသည်။ ABMF သည်

- နိုင်ငံဖြတ်ကျော်အရောင်းအဝယ်ဆောင်ရွက်ခြင်းနှင့်သက်ဆိုင်သောစည်းမျဉ်းစည်းကမ်းများ တပြေးညီဖြစ်စေရန်
- ပုဂ္ဂလိက ကဏ္ဍနှင့် အာဆီယံ+၃ ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့အကြား ဆွေးနွေးညှိနှိုင်းမှုများ မြှင့်တင်ရန်
- ဒေသတွင်းနိုင်ငံများတွင် ပုဂ္ဂလိက ကဏ္ဍနှင့်အစိုးရကဏ္ဍတို့အကြား အသိအမြင်၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများ ဖလှယ်ရန် အခွင့်အလမ်းများကို ပံ့ပိုးကူညီရန် ဖြစ်ပါ သည်။

ကော်မရှင်သည် ABMF နှင့် ၂၀၁၆ ခုနှစ်မှစတင်ကာ လေ့လာသူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး ကော်မရှင်ရုံး၏ အကြီးတန်းတာဝန်ရှိသူတစ်ဦးမှ ဆက်စပ်အစည်းအဝေးများသို့ ပုံမှန်တက်ရောက်လျက် ရှိပါသည်။ ကော်မရှင်သည် ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ မှစတင်၍ ဆင့်ပွားငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ADB အတွင်းရေးမှူးရုံးမှ တစ်ဆင့် ABMF မှ နည်းပညာအကူအညီ အဆင့် (၅) ကို ရယူဆောင်ရွက်လျက်ရှိပါသည်။

**ASEAN Capital Markets Forum** ။ ။ ကော်မရှင်သည် အာဆီယံ ၁၀ နိုင်ငံမှ အရင်းအနှီး ဈေးကွက် စည်းမျဉ်းစည်းကမ်း ထိန်းကျောင်းသူ များ ပါဝင်သည့် အာဆီယံအရင်းအနှီးဈေးကွက် ဖိုရမ် (ACMF)တွင်ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။[၁] အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်(ACMF) အနေဖြင့် အာဆီယံစီးပွားရေး အသိုက်အမြုံ (AEC) ၂၀၁၅ မှဘောင်အရ ဒေသဆိုင်ရာအရင်းအနှီး ဈေးကွက်များ ပိုမိုပေါင်းစည်းနိုင်ရန်အတွက် မဟာဗျူဟာများ မချမှတ်မီ စည်းမျဉ်းနှင့် နည်းဥပဒေများ အား ဟန်ချက်ညီညီ ဖော်ဆောင်နိုင်ရေးအတွက် အလေးပေးဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်သည် ACMF လမ်းပြမြေပုံအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ခဲ့ပါသည်။ သာဓကအားဖြင့် အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု အမှတ်ပေးစည်းမျဉ်းများကို အခြေခံ၍ မြန်မာ့ စီးပွားရေးနယ်ပယ်တွင် လက်ရှိ ကျင့်သုံးနေသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအား အကဲဖြတ်ရန် သုတေသနတစ်ခုပြုလုပ်ခြင်းတို့ ဆောင် ရွက်ခဲ့ပါသည်။ ကော်မရှင်သည် ၂၀၁၈ခုနှစ် ဒီဇင်ဘာလတွင် (၈)ကြိမ်မြောက်မဲခေါင်အရင်းအနှီး ဈေးကွက်ပူပေါင်းဆောင်ရွက်ရေး (MCMC) အစည်းအဝေးတွင် ပြန်လည်ပြင်ဆင်ထားသည့် သက်ဆိုင်သူများ ပါဝင်သော (Multilateral) နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါသည်။

ကော်မရှင်သည် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင် ဖြစ်သောကြောင့် အာဆီယံအရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ မြှင့်တင်ခြင်း နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်တို့တွင် အာဆီယံအဖွဲ့ဝင်များ၏ ကြိုးပမ်း ဆောင်ရွက်မှုများနှင့် ရေရှည်ရည်မှန်းချက်အောင်မြင်ရန် အာဆီယံ၏ အရင်းအနှီး ဈေးကွက် အဖွဲ့ဝင် နိုင်ငံများ အကြားနယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၁ခုနှစ်တွင် ACMF သည် ရေရှည်တည်တံ့သော ဘဏ္ဍာရေးဆိုင်ရာ ASEAN taxonomy for sustainable finance ကို ထုတ်ပြန်ခဲ့သည်။




*၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံအရင်းအနှီးဈေးကွက်စည်းမျဉ်းထိန်းကျောင်းရေးအဖွဲ့ အကြီးအကဲများအစည်းအဝေးသို့ ကော်မရှင်အတွင်းရေးမှူး တက်ရောက်စဉ်*

၁။ https://www.theacmf.org/members တွင် ကြည့်ပါ။

# ကော်မရှင်စီမံအုပ်ချုပ်ပုံ

ကော်မရှင်တွင် စီမံအုပ်ချုပ်မှုအဆင့်နှစ်ဆင့်ရှိသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသည့် ကော်မရှင်အဖွဲ့သည် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ထိရောက်မှုရှိသည့် စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသည့် အဖွဲ့အစည်းဖြစ်စေရန် ကြီးကြပ်ကွပ်ကဲလျက်ရှိသည်။ ကော်မရှင်ရုံးအဖွဲ့သည် ကော်မရှင်အဖွဲ့မှ အတည်ပြုထားသည့် လမ်းပြမြေပုံနှင့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်သည်။

## မှတ်သားဖွယ်အချက်များ

- ကော်မရှင်သည်ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေအရ တည်ထောင်ထားသည့် အစိုးရအဖွဲ့အစည်းတစ်ခုဖြစ်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ကြီးကြပ်ကွပ်ကဲလျက်ရှိသည်။
- ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေအရ ကော်မရှင်သည် သီးခြားအဖွဲ့အစည်းတစ်ခုဖြစ်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အဖွဲ့အစည်းတစ်ခုအဖြစ် အချိန်ကာလတစ်ခုအထိ တည်ရှိမည် ဖြစ်သည်။
- ကော်မရှင်အစည်းအဝေးများအား ကော်မရှင်ဥက္ကဋ္ဌမှ ကြီးမှူးကျင်းပလျက်ရှိပြီး ၂၀၂၁ခုနှစ်၊ အောက်တိုဘာလမှစ၍ (၈)ကြိမ်တိုင်တွေ့ဆုံခဲ့ပြီး မဟာဗျူဟာဆိုင်ရာ လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။
- ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ထမ်းဆောင်လျက်ရှိသည်။ ကော်မရှင်သည် လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှုများအတွက် လုံးဝသည်းခံခြင်းမရှိသည့် ချဉ်းကပ်မှုကို ကျင့်သုံးသည်။
- ကော်မရှင်သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းခဲ့ပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပေးနိုင်ရန် ကောင်းမွန်သော လုပ်ထုံး လုပ်နည်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## အရေးပါသည့်အချက်များ

၂၀၂၀/၂၀၂၁ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁/၂၀၂၂ ဘဏ္ဍာရေးနှစ် တို့တွင် ကော်မရှင်အဖွဲ့ဝင်များမှ အစည်းအဝေး ၈ ကြိမ်ကျင်းပပြုလုပ်ခဲ့သည်။

ကော်မရှင်တွင် ကျား၊မအချိုး ၄:၃ ဖြင့် အချိုးတူညီလုနီးပါးရှိသည်။

ကျင့်ဝတ်စည်းမျဉ်းအား ဖောက်ဖျက်မှု မရှိပါ။

# ၁။ စီမံအုပ်ချုပ်မှုပုံစံ

မြန်မာ့အရင်းအနှီးဈေးကွက်အားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကြီးကြပ်ကွပ်ကဲရန် ရည်ရွယ်ချက်ဖြင့် အစိုးရအဖွဲ့အစည်းတစ်ခု အဖြစ်ဖွဲ့စည်းထားသော ကော်မရှင်၏ ပဓါနတာဝန်မှာ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဖြစ်သည်။ ဈေးကွက်တွင် ပါဝင်သူများအကြား ယုံကြည်မှုတည်ဆောက်ရန်နှင့် အကာအကွယ်ပေးနိုင်ရန် အခိုင်အမာ ဆုံးဖြတ်ချက် ချမှတ်ထားသည် -

- **တာဝန်ခံမှု** - အရင်းအနှီးဈေးကွက်တိုးတက်မှုအခြေအနေများအား အများပြည်သူသိရှိစေရန်အတွက် အစီရင်ခံစာအား နှစ်စဉ်ပုံမှန်ထုတ်ဝေရန် ရည်မှန်းချက်ရှိသည်။
- **ပွင့်လင်းမြင်သာမှု** - ရင်းနှီးမြှုပ်နှံရန်အတွက် လုံခြုံစိတ်ချရသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ယုံကြည်မှုရှိလာစေရန် ပိုမိုကောင်းမွန်သော ကော်ပိုရိတ်ဖွင့်ဟထုတ်ဖော်မှု အလေ့အထများအား ကျင့်သုံးမည်ဖြစ်သည်။ အစီရင်ခံစာ ထုတ်ဝေခြင်း၏ ရည်ရွယ်ချက်ဖြစ်သော ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် မျှတ၍ မတူကွဲပြားသော အမြင်အား အသိပေးရန်ဖြစ်သည်။

ကော်မရှင်စီမံအုပ်ချုပ်မှုကို အောက်ပါအတိုင်း အဆင့်နှစ်ဆင့်ဖြင့် စီမံအုပ်ချုပ်သည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန MOPF Ministry of Planning and Finance

→ ကြီးကြပ်ခြင်း →

← အစီရင်ခံခြင်း ←

SECM

**ကော်မရှင်အဖွဲ့ဝင်များ**

ဥက္ကဋ္ဌ

ဦးမောင်မောင်ဝင်း
*ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန*

အဖွဲ့ဝင်(၆) ဦး

ဒေါ်ခင်လေးမြင့်
ဦးငွေးချွန်
ဦးသိန်းမြင့်
ဒေါ်တင်မေဦး
ဒေါ်နွဲ့နွဲ့ဝင်း
ဦးကြည်ဇင်ထွန်း

ကော်မရှင်အဖွဲ့သည် ကော်မရှင်၏ အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည်။ ကော်မရှင်အဖွဲ့ဝင် (၇) ဦးကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ နယ်ပယ်အလိုက်ကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံပေါ် မူတည်၍ အဆိုပြု ရွေးချယ်ခန့်အပ်ထားခြင်း ဖြစ်သည်။ ကော်မရှင်၏ အဓိက တာဝန်ဝတ္တရားများမှာ -

- မြန်မာ့အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်၊
- ကော်မရှင်၏ အရင်းအမြစ်များ ခွဲဝေချထားမှုအား အသင့်တော်ဆုံးဖြစ်စေရန်၊
- ကော်မရှင်၏ မဟာဗျူဟာ ရည်ရွယ်ချက်များ သတ်မှတ်ရန်၊
- စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်မှုအပေါ် သုံးသပ်ရန်၊
- ကော်မရှင်၏ ကော်ပိုရိတ်အလေ့အထများ မြှင့်တင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊
- ဌာနတွင်း ချမှတ်ထားသော မူဝါဒများအား အတည်ပြုပေးရန်၊
- ရာထူးဆက်ခံမည့် အစီအမံများ ရေးဆွဲရန်၊

↓ ကြီးကြပ်ခြင်း

↑ အစီရင်ခံခြင်း

**စီမံခန့်ခွဲမှု**

ဦးကြည်ဇင်ထွန်း
*ညွှန်ကြားရေးမှူးချုပ်*

ဒေါ်နီနီဆွေ
*ဒုတိယညွှန်ကြားရေးမှူးချုပ်*

ဦးဝင်းကြိုင်
*စီမံခန့်ခွဲမှုဌာန*

ဒေါ်ကြည်ကြည်ခင်ဆွေ
*ဈေးကွက်ကြီးကြပ် ကွပ်ကဲခြင်းနှင့် စောင့်ကြည့် လေ့လာခြင်းဌာန*

ဒေါ်အိစိန်စိန်ကြွယ်
*မူဝါဒရေးရာဖွံ့ဖြိုးတိုးတက်ရေးဌာန*

ဦးဆန်းဝင်း
*ဈေးကွက် စုံစမ်းထောက်လှမ်းခြင်း ဌာန*

လုပ်ငန်းဆောင်တာများအားကော်မရှင်အဖွဲ့ရုံး၏ညွှန်ကြားရေးမှူး(၄)ဦးတို့မှသက်ဆိုင်ရာနယ်ပယ်အလိုက် တာဝန်ယူဆောင်ရွက်ပါသည်။ ကော်မရှင်၏ အဓိက လုပ်ငန်းနယ်ပယ် (၄) ခုအား ဌာနလေးခုတို့မှ စီမံဆောင်ရွက်လျက်ရှိပါသည် -

- **စီမံခန့်ခွဲမှုဌာန**သည် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးနှင့် အရအသုံးစီမံခန့်ခွဲသည့် ကိစ္စများကိုဆောင်ရွက်ပါသည်။ ကော်မရှင်ရုံး၏ အရင်းအမြစ်များ အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် အခြားဌာနများနှင့် အတူစောင့်ကြည့်စစ်ဆေးလျက်ရှိသည်။
- **ဈေးကွက်ကြီးကြပ်ကွပ်ကဲခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းဌာန**သည် ရန်ကုန်စတော့အိပ်ချိန်း အပါအဝင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတစ်ခုလုံး၏ ဆောင်ရွက်ချက်များအား စောင့်ကြည့်ကွပ်ကဲလျက်ရှိပြီး ယင်းတို့၏ လုပ်ငန်း ဆောင်ရွက်မှု အရည်အသွေးနှင့် စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ခြင်း ရှိ / မရှိ သုံးသပ်အကဲဖြတ်လျက်ရှိပါသည်။
- **မူဝါဒရေးရာဖွံ့ဖြိုးတိုးတက်ရေးဌာန**သည် စည်းမျဉ်းစည်းကမ်းအသစ်များ ဖော်ထုတ်ခြင်း၊ သင့်လျော်သည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်းခြင်းတို့ ဆောင်ရွက်လျက် ရှိပါသည်။
- **ဈေးကွက်စုံစမ်းထောက်လှမ်းခြင်းဌာန**သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုအား ကြီးကြပ်စစ်ဆေးခြင်း၊ နေ့စဉ်အစုရှယ်ယာ ရောင်းဝယ်မှုကို စောင့်ကြည့်ခြင်းနှင့် သုံးသပ် တင်ပြခြင်း၊ ဈေးကွက်တွင် မလျော်မကန် ဆောင်ရွက်မှုများအား စုံစမ်းထောက်လှမ်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ ဆောင်ရွက်လျက် ရှိသည်။

## ၂။ ကော်မရှင်အဖွဲ့ဝင်များ

ကော်မရှင်အဖွဲ့ဝင်များအား ကော်မရှင်ကို ဦးဆောင်လမ်းညွှန်နိုင်ရန် နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားပါသည်။ ကော်မရှင်သည် ကျား/မ အချိုး ညီမျှမှုရှိပြီး ကော်ပိုရိတ်ဖွဲ့စည်းပုံနှင့် မူဝါဒများ ဖော်ဆောင်ရန် မရှိမဖြစ်လိုအပ်သည့် ကျယ်ပြန့်သော အတွေ့အကြုံနှင့် ကွန်ယက်ဆက်နွယ်မှုရှိသူများဖြစ်ပါသည်။ ကော်မရှင်သည် ၂၀၂၁ခုနှစ်တွင် ကော်မရှင်အဖွဲ့ဝင်သစ်(၂)ဦး ဖြစ်သည့် ဒေါ်နွဲ့နွဲ့ဝင်းနှင့် ဦးကြည်ဇင်ထွန်းတို့အား လိုက်လှဲစွာ ကြိုဆိုခဲ့သည်။



### ဦးမောင်မောင်ဝင်း

ရာထူး - ဥက္ကဋ္ဌ

**ခန့်အပ်သည့်နေ့** - ၇.၆.၂၀၁၆

- ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- ယခင်ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက်ဦးစီးဌာန
- ယခင်အမြဲတမ်းအတွင်းဝန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- ယခင်ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- ယခင်ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
- ယခင်အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်



### ဒေါ်ခင်လေးမြင့်

ရာထူး - အဖွဲ့ဝင်

**ခန့်အပ်သည့်နေ့** - ၁၉.၈.၂၀၁၄

- ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာနှင့် စီးပွားရေးစီမံကိန်းဒီပလိုမာ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)
- စာရင်းကိုင်ပညာဒီပလိုမာ၊ မြန်မာနိုင်ငံ စာရင်း ကောင်စီ (MAC)



### ဦးငွေးချွန်

ရာထူး - အဖွဲ့ဝင်

**ခန့်အပ်သည့်နေ့** - ၁၉.၈.၂၀၁၄

- အဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်
- ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊
- လက်မှတ်ရ ဥပဒေအကျိုးဆောင်၊ ပညာရေးဝန်ကြီးဌာန
- စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)နှင့် စီးပွားရေးစီမံကိန်း ဒီပလိုမာ၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်



### ဦးသိန်းမြင့်

ရာထူး - အဖွဲ့ဝင်

**ခန့်အပ်သည့်နေ့** - ၆.၂.၂၀၁၇

- ပြည်နယ်စာရင်းစစ်ချုပ် (ငြိမ်း)၊ ရှမ်းပြည်နယ်
- ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
- အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာရင်းကိုင်ကောင်စီ
- နာယက၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း
- လက်မှတ်ရပြည်သူ့ စာရင်းကိုင်
- စီးပွားရေးပညာဘွဲ့(ဝါဏိဇ္ဇဗေဒ) (စက်မှုနှင့်ကုန်သွယ်ရေး)၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်



### ဒေါ်တင်မေဦး

ရာထူး - အဖွဲ့ဝင်

**ခန့်အပ်သည့်နေ့** - ၁၉.၈.၂၀၁၄

- အမှုဆောင် ဒါရိုက်တာ၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လဲလှယ် ရောင်းဝယ်ရေးကုမ္ပဏီ
- ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- စီးပွားရေးပညာဘွဲ့ (စိုက်ပျိုးရေးဘောဂဗေဒ)၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်
- MDS မဟာဖွံ့ဖြိုးတိုးတက်မှုဘွဲ့ (MDS)၊ Institute of Social Studies၊ နယ်သာလန်နိုင်ငံ၊ The Hague မြို့



### ဒေါ်နွဲ့နွဲ့ဝင်း

ရာထူး - အဖွဲ့ဝင်

**ခန့်အပ်သည့်နေ့** - ၁.၄.၂၀၂၁

- ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- စီးပွားရေးပညာဘွဲ့(ဝါဏိဇ္ဇဗေဒ)၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်၊ စာရင်းကိုင်ပညာဒီပလိုမာ၊ မြန်မာနိုင်ငံစာရင်းကောင်စီ (MAC)
- လက်မှတ်ရ ဥပဒေအကျိုးဆောင်၊ ပညာရေးဝန်ကြီးဌာန
- ကွန်ပျူတာသိပ္ပံ ဒီပလိုမာ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
- မူဝါဒရေးရာ သိပ္ပံ ဒီပလိုမာ၊ Saitama University၊ ဂျပန်



### ဦးကြည်ဇင်ထွန်း

ရာထူး - အတွင်းရေးမှူး

**ခန့်အပ်သည့်နေ့** - ၂၁.၁.၂၀၂၁

- ယခင်ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- ယခင်ဒုတိယရုံးအဖွဲ့မှူး၊ ပြည်ထောင်စု ဝန်ကြီးရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- လ/ထအတွင်းဝန်၊ ပြည်ထောင်စု ဝန်ကြီးရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- စာရင်းကိုင်ပညာဒီပလိုမာ၊ မြန်မာနိုင်ငံစာရင်းကောင်စီ (MAC)
- ပြည်သူ့ရေးရာစီမံခန့်ခွဲမှု (မဟာဘွဲ့)နှင့် စီးပွားရေးဘွဲ့လွန်ဒီပလိုမာ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
- သိပ္ပံဘွဲ့(ရူပဗေဒ)၊ ရန်ကုန်တက္ကသိုလ်

၂၀၂၀ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ခုနှစ်၊ မတ်လအထိ ကော်မရှင်အစည်းအဝေး (၈) ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး အဖွဲ့ဝင် တစ်ဦး ချင်းစီ၏တက်ရောက်မှုမှာ အောက်ပါအတိုင်း ဖြစ်သည်-

| အမည် | ရာထူး | တက်ရောက်မှု |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဥက္ကဋ္ဌ | ၈/၈ |
| ဒေါ်ခင်လေးမြင့် | အဖွဲ့ဝင် | ၈/၈ |
| ဦးငွေးချွန် | အဖွဲ့ဝင် | ၈/၈ |
| ဦးသိန်းမြင့် | အဖွဲ့ဝင် | ၈/၈ |
| ဒေါ်တင်မေဦး | အဖွဲ့ဝင် | ၈/၈ |
| ဒေါ်နွဲ့နွဲ့ဝင်း* | အဖွဲ့ဝင် | ၆/၆ |
| ဦးကြည်ဇင်ထွန်း* | အတွင်းရေးမှူး | ၆/၆ |

*၂၀၂၁ ခုနှစ်၊ မေလမှစ၍ အစည်းအဝေးတက်ရောက်ခဲ့သည်။*

ကော်မရှင်အစည်းအဝေးများတွင် အောက်ပါအကြောင်းအရာများကို အဓိကအားဖြင့် ဆွေးနွေးညှိနှိုင်းခဲ့ကြသည် -

- အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် ရန်ကုန်စတော့အိပ်ချိန်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဈေးကွက်စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှု ရှိ/မရှိ ကော်မရှင်ရုံးအဖွဲ့မှ ကြီးကြပ်ကွပ်ကဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် စုံစမ်းထောက်လှမ်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊
- ကော်မရှင်မှ ထုတ်ပြန်ခဲ့သည့်မူဝါဒများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအား သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း ဆိုင်ရာ ကိစ္စရပ်များ၊
- ကော်မရှင်ရုံးဝန်ထမ်းများ၏လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်လာစေရန်ပို့ချမည့် သင်တန်းအစီအစဉ်များကို အတည် ပြုခြင်းဆိုင်ရာ ကိစ္စရပ်များ၊
- ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း ကော်မရှင်ရုံး ဝန်ထမ်းများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊
- ကော်မရှင်ရုံး၏ ရသုံးခန့်မှန်းခြေငွေစာရင်းသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ နှင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားစဉ် ကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထား သော စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ စောင့်ကြည့်စစ်ဆေးခြင်း ဆိုင်ရာ ကိစ္စရပ်များ။
- ၂၀၂၂ ခုနှစ်တွင် အငြိမ်းစားယူမည့် ကော်မရှင်အဖွဲ့ဝင်(၃)ဦးတို့နှင့် စပ်လျဉ်း၍ ရာထူးဆက်ခံရေးဆိုင်ရာ ကိစ္စရပ်များ။

ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို အောက်ပါဇယားဖြင့် အကျဉ်းချုပ် ဖော်ပြအပ်ပါသည် -

| ရက်စွဲ | အစည်းအဝေး တက်ရောက်မှု ရာခိုင်နှုန်း | စာရင်းဝင်ကုမ္ပဏီများ နှင့်အများနှင့်သက် ဆိုင်သောကုမ္ပဏီများ | ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ များ | ရန်ကုန် စတော့အိပ်ချိန်း | မူဝါဒရေးရာ ဖွံ့ဖြိုးတိုးတက်ရေး | ဆုံးရှုံးနိုင်ခြေ စီမံ ခန့်ခွဲခြင်း | စီမံဘဏ္ဍာ နှင့် လူ့စွမ်းအား အရင်းအမြစ် |
|---|---|---|---|---|---|---|---|
| ၂၆-၁၀-၂၀၂၀ | ၁၀၀% | ✓ | ✓ | ✓ | | ✓ | ✓ |
| ၀၂-၁၂-၂၀၂၀ | ၁၀၀% | ✓ | ✓ | ✓ | | | ✓ |
| ၀၈-၀၅-၂၀၂၁ | ၁၀၀% | ✓ | ✓ | ✓ | | ✓ | ✓ |
| ၁၁-၀၅-၂၀၂၁ | ၁၀၀% | ✓ | ✓ | ✓ | | | |
| ၁၀-၀၆-၂၀၂၁ | ၁၀၀% | ✓ | ✓ | ✓ | ✓ | | ✓ |
| ၀၂-၀၇-၂၀၂၁ | ၁၀၀% | ✓ | ✓ | ✓ | ✓ | | |
| ၁၃-၁၂-၂၀၂၁ | ၁၀၀% | ✓ | ✓ | ✓ | ✓ | | |
| ၃၀-၀၃-၂၀၂၂ | ၁၀၀% | ✓ | ✓ | ✓ | ✓ | ✓ | ✓ |

# ၃။ ကျင့်ဝတ်များ

ကော်မရှင်သည် စည်းမျဉ်းစည်းကမ်းချမှတ်သည့် အဖွဲ့အစည်းတစ်ခုအနေဖြင့်လည်းကောင်း၊ အစိုးရအဖွဲ့အစည်းတစ်ခုအနေဖြင့် လည်းကောင်း၊ ယင်း၏ လုပ်ငန်းတာဝန်များကို တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ကော်မရှင်၏ အဓိက လုပ်ငန်းတာဝန်နှစ်ရပ်မှာ -




- တိုက်ရိုက်အနေဖြင့် ကော်မရှင်သည် ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်၍ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီလိုက်နာ ဆောင်ရွက်ပြီး ယင်း၏ လုပ်ရှားဆောင်ရွက်မှုများကို သေချာစွာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးနှင့် အထက်အဆင့်စီမံခန့်ခွဲသူများနှင့် ဝန်ထမ်းအားလုံးသည် အစိုးရဝန်ထမ်းများဖြစ်သည်နှင့် အညီ နိုင်ငံတော်အစိုးရမှ ထုတ်ပြန်ထားသည့် ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာဆောင်ရွက်လျက်ရှိသည်။ အစီရင်ခံစာတင်ပြသည့် ကာလအတွင်း ဝန်ထမ်းကျင့်ဝတ်ဖောက်ဖျက်မှု မရှိကြောင်း ဖော်ပြအပ်ပါသည်။ ကော်မရှင်သည် လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှုများ အတွက် လုံးဝသည်းခံခြင်းမရှိသည့် ချဉ်းကပ်မှုကို ကျင့်သုံးသည်။
- သွယ်ဝိုက်သောအနေဖြင့် ကော်မရှင်သည် ဈေးကွက်တွင် ပါဝင်သူများမှ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မျှတ၍ ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန်အတွက် ကြပ်မတ် ဆောင်ရွက်လျက် ရှိသည်။

၂၀၂၁ ဖေဖော်ဝါရီလနှင့် မတ်လဖြစ်စဉ်များကြောင့် ရုံးလုပ်ငန်းဆောင်ရွက်မှုများတွင် သက်ရောက်မှုရှိခဲ့သည်။ ကော်မရှင်ရုံးအနီးတွင် စုဝေးဆန္ဒပြမှုများကြောင့် အချို့ဝန်ထမ်းများသည် လုပ်ငန်းခွင်လုံခြုံမှုအတွက် စိုးရိမ်မကင်းဖြစ်ခဲ့ပြီး ဝန်ထမ်းအချို့မှာ နိုင်ငံအနှံ့အပြားရှိ ယင်းတို့၏ မိဘရပ်ထံသို့ လုံခြုံရေးအရ စိုးရိမ်စိတ်ဖြင့် လုပ်ငန်းခွင်တွင် ဆက်လက်လုပ်ဆောင်လိုခြင်း မရှိသဖြင့် ၂၀၂၁ဖေဖော်ဝါရီလနှင့် မတ်လအတွင်းဝန်ထမ်း(၃၀) ဦး နှုတ်ထွက်ခဲ့သည်။ အဆိုပါ ထူးခြားဖြစ်ပေါ်မှု အခြေအနေများကြောင့် ကော်မရှင်သည် ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် ဝန်ထမ်းများ ပုံမှန်အခြေအနေဖြစ်စေရန် နားလည်မှုရှိစွာ စီမံဆောင်ရွက်ခြင်းဖြင့် ဖြစ်ပေါ်နေသော အခြေအနေအား အလေးအနက် စဉ်းစားသုံးသပ်ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ဝန်ထမ်းအချို့၏ ရွေးချယ်မှုသည် ဝန်ထမ်းကျင့်ဝတ်များနှင့် ကိုက်ညီမှုမရှိသည့်အတွက် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

ဈေးကွက်အတွင်း ဖြစ်ပွားနိုင်သော မလျော်မကန် အရောင်းအဝယ်ဆောင်ရွက်မှုများအတွက် သတင်းပေးပို့ရာတွင် အထောက်အကူဖြစ်စေရန် ကော်မရှင်၏ ဝက်ဘ်ဆိုဒ်တွင် သတင်းပေးတိုင်ကြားနိုင်သည့်ပုံစံတွင် ဖြည့်စွက်၍ တိုင်ကြားနိုင်သည်။ ကော်မရှင်သည် သတင်းပေးတိုင်ကြားသူ၏ အချက်အလက်ကို လျှို့ဝှက်ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။ကော်မရှင်သည် ကော်မရှင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ အတည်ပြုချက်ရယူခြင်းမရှိဘဲ အရင်းအနှီးရှာဖွေသည့် ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်းသည့် တိုင်ကြားစာတစ်စောင် လက်ခံရရှိခဲ့သည်။ ကော်မရှင်သည် ဈေးကွက်ပါဝင်သူများအနေဖြင့် အဆိုပါ ဆက်သွယ်ရေးလမ်းကြောင်းကို အသုံးပြု၍ သတင်းပေးတိုင်ကြားရန် တိုက်တွန်းအပ်သည်။


ကော်မရှင်သို့ သတင်းပေးတိုင်ကြားရန်

| | |
|---|---|
| ရက်စွဲ | DD/MM/YYYY |
| ပေးပို့သည့်သတင်းအမျိုးအစား | အစုရှယ်ယာ/ စာရင်းဝင်ကုမ္ပဏီများ |
| တိုင်ကြားသည့် အကြောင်းအရာ အသေးစိတ်ဖော်ပြချက် | Choose File no file selected |
| သတင်းပေးတိုင်ကြားသူ ၏ အမည် | |
| အလုပ်အကိုင် | |
| ဖုန်းနံပါတ် | |
| အီးမေးလ်လိပ်စာ | |
| နေရပ်လိပ်စာ | |
| သတင်းရရှိသည့် အရင်းအမြစ် | |

နောက်ပြန်သည် | တင်ပြသည်

သတင်းပေးတိုင်ကြားနိုင်ကြောင်း ကော်မရှင်၏ ဝက်ဘ်ဆိုဒ်မှ လမ်းညွှန်ချက်။

# လုပ်ငန်းဆောင်ရွက်မှုရလဒ်များ

၂၀၂၁ ခုနှစ်သည် မြန်မာ့အရင်းအနှီးဈေးကွက်အတွက် စိန်ခေါ်မှုများနှင့်ကြုံတွေ့ရသော နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ကော်မရှင်သည်ဈေးကွက်တွင် ပါဝင်သူများနှင့် လုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေးကိုအထူး အလေးထားဆောင်ရွက်ခဲ့သည်။၂၀၂၁ခုနှစ်၊ ဇွန်လတွင် ရန်ကုန်စတော့အိပ်ချိန်း၏ (၇)ခုမြောက် စာရင်းဝင်ကုမ္ပဏီကို ဖိတ်ခေါ်နိုင်ခဲ့ခြင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ငွေကြေးအရင်းအနှီး လက်လှမ်းမီနိုင်ရန်အတွက် စာရင်းဝင်အကြိုဈေးကွက် ထူထောင်ရန် ရည်ရွယ်ချက်ဖြင့်ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအပါအဝင် အမိန့်ကြော်ငြာစာ(၄)ခုကိုထုတ်ပြန်နိုင်ခဲ့ခြင်းနှင့် ကော်မရှင်သည် အခြားကြီးကြပ်ရေးအာဏာပိုင်များနှင့်အတူ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးကိုလည်း အလေးထားဆောင်ရွက်ခဲ့သည်။ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ချိန်အတွင်း ကော်မရှင်သည် စာရင်းဝင်ကုမ္ပဏီများ၊ အများပိုင်ကုမ္ပဏီများနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတို့အား ရှင်းလင်းစွာလမ်းညွှန်မှုများ ပေး၍ ထောက်ပံ့နိုင်ခဲ့သည်။ ကော်မရှင်သည် ယင်း၏ရည်မှန်းချက်များအကောင်အထည်ဖော်ရာတွင် မရှိမဖြစ်လိုအပ်သော ကော်မရှင်ရုံးဝန်ထမ်းများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့ကို အမြဲမပြတ်ဦးစားပေးဆောင်ရွက်ခဲ့သည်။

# အရေးပါသည့်အချက်များ

**မြန်မာ့အရင်းအနှီးဈေးကွက်**

- ၂၀၂၁ခုနှစ်၊ ဖွန်လတွင် ရန်ကုန်စတော့အိပ်ချိန်းသို့ စာရင်းဝင်ကုမ္ပဏီတစ်ခု ဝင်ရောက်ခဲ့သည်။
- အရောင်းအဝယ်သွက်လက်ပြီး အစုရှယ်ယာဝင်(၁၀၀)ဦးနှင့် အထက်ရှိသော အများပိုင်ကုမ္ပဏီ(၃)ခုနှင့် သတ်မှတ်ပမာဏအောက်တွင် ရောက်ရှိနေပြီး ကော်မရှင်က စောင့်ကြည့်လျက်ရှိသော အများပိုင်ကုမ္ပဏီ(၅)ခုရှိသည်။
- အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးငွေရရှိနိုင်သည့် အခွင့်အလမ်းတစ်ခုအဖြစ် စာရင်းဝင်အကြိုဈေးကွက်ဖြစ်ထွန်းရန် ဆောင်ရွက်လျက်ရှိသည်။ သင့်လျော်သော ကုမ္ပဏီများ ဖော်ထုတ်ရန်အတွက် ကော်မရှင်သည် စက်မှုဝန်ကြီးဌာနနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။
- ၂၀၂၁ ခုနှစ်အတွင်း ရန်ကုန်စတော့အိပ်ချိန်းတွင် အစုရှယ်ယာ ၉၄၄,၅၇၉ စောင်နှင့် တန်ဖိုးကျပ် ၄,၈၀၉.၄ သန်း အရောင်းအဝယ်ဖြစ်ခဲ့သည်။

**မူဝါဒရေးရာကိစ္စရပ်များ**

- အရင်းအနှီးဈေးကွက်တွင် ပါဝင်သူများအတွက် ဥပဒေပိုင်းဆိုင်ရာ ပံ့ပိုးမှုအဖြစ် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ၊ ဖွင့်ဟထုတ်ဖော်မှုနှင့် စာရင်းဝင်အကြိုဈေးကွက်ဖော်ဆောင်မှုတို့နှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်း၄ခု ထုတ်ပြန်ခဲ့သည်။
- ကော်ပိုရိတ်ငွေချေးစာချုပ်များ မြန်မာနိုင်ငံတွင် ဖြစ်ထွန်းလာစေရန် ကော်မရှင်သည် ဈေးကွက်တွင် ပါဝင်သော အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံလိုသူများနှင့် ကုမ္ပဏီများအတွက် ဘဏ္ဍာငွေအရင်းအမြစ်ရယူလိုသူများအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်များ ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက် လျက်ရှိသည်။

**ဈေးကွက်ကြီးကြပ်ကွပ်ကဲခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များ**

- ကော်မရှင်ရုံးတာဝန်ရှိသူများသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကုမ္ပဏီတစ်ခု၏ လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးခဲ့သည်။
- ကော်မရှင်ကထုတ်ပြန်ခဲ့သော စဉ်ဆက်မပြတ်ထုတ်ဖော်ခြင်းဆိုင်ရာ အမိန့်အကြော်ငြာစာအမှတ်(၁/၂၀၁၆)ကို စာရင်းဝင်ကုမ္ပဏီများနှင့် အများပိုင်ကုမ္ပဏီများ၏ ၁၄%သည် အပြည့်အဝလိုက်နာကြသည်။

**လူ့စွမ်းအားအရင်းအမြစ်**

- ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ကော်မရှင်သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့သည်။
- ကော်မရှင်သည် ယင်း၏ ဝန်ထမ်းများအပေါ် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်၏ အကျိုးဆက်များအား စီမံခန့်ခွဲခြင်းကို အထူးအလေးထားဆောင်ရွက်ခဲ့သည်။ ကော်မရှင်၏ အဓိက ဦးစားပေးအဖြစ် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် လုံခြုံရေးတို့ကို အလေးထား ဆောင်ရွက်ခဲ့သည်။
- ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှစ၍ ကော်မရှင်ရုံးတွင် ဝန်ထမ်းသစ်(၂၀)ဦး ခန့်အပ်ခဲ့သည်။

# အရေးပါသည့်အချက်များ

တိုင်ကြားစာ ၁ စောင်
လက်ခံဆောင်ရွက်ခဲ့သည်။

ကော်မရှင်သည် အရင်းအနှီးဈေးကွက်
မြှင့်တင်ရန်နှင့် အများ ပြည်သူများ
အသိအမြင်မျှဝေရန် အတွက် ဆွေးနွေးပွဲ
၁၅ ကြိမ်ပါဝင် ဆောင်ရွက်ခဲ့ပါသည်။

ငွေချေးသက်သေခံလက်မှတ်စာရင်း
နှင့် စပ်လျဉ်းသည့် မူဝါဒသစ်
၄ ခု ထုတ်ပြန်ခဲ့သည်။

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ
၁ ခုအား လုပ်ငန်းစစ်ဆေးခြင်း
ဆောင်ရွက်ခဲ့သည်။

ကော်မရှင်ရုံးဝန်ထမ်း ၅၉ ဦးဖြင့် လုပ်ငန်း
တာဝန်များ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်
ရန်ကုန်စတော့အိပ်ချိန်း စာရင်းဝင်
ကုမ္ပဏီများ၏ စုစုပေါင်း ဈေးကွက်
ရင်းနှီး မြှုပ်နှံမှုတန်ဖိုးမှာ ကျပ်-
၆၃၈,၈၃၄ ဘီလီယံဖြစ်သည်။

# ၁။ ရရှိပြီးဖြစ်သည့်တိုးတက်မှုအခြေအနေကို ထိန်းသိမ်းကာကွယ်ခြင်း



ဒေါ်တင်မေဦး

"လုပ်ငန်းများ စတင်ချိန်ကတည်းက ကော်မရှင်၏ ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဈေးကွက်တွင် ပါဝင်သူ နယ်ပယ်စုံမှ ကျွမ်းကျင်သူများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူ ပူးပေါင်းစီမံဆောင်ရွက်ခဲ့ပါတယ်။ ကော်မရှင်သည် ၎င်းတို့ထံမှ ရရှိတဲ့ နည်းပညာကျွမ်းကျင်မှုတွေနဲ့ အထောက်အပံ့တွေကနေ အကျိုးကျေးဇူးများ ရရှိခဲ့ပါတယ်။ ယနေ့အချိန်မှာ ကော်မရှင်အနေနဲ့ ကိုယ်ပိုင်အရင်းအမြစ်ကိုသာ အားထားရမှာ ဖြစ်ပါတယ်။ ရရှိပြီးဖြစ်တဲ့ တိုးတက်မှု အခြေအနေကို ဆက်လက်ထိန်းသိမ်းကာကွယ်ရမှာ ဖြစ်ပါတယ်။ အဲဒီအခြေအနေက အားကောင်းတဲ့ အရင်းအနှီးဈေးကွက် ထူထောင်ရာမှာ မရှိမဖြစ် လိုအပ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေမယ့် ခိုင်မာပြီး အားအင်ပြည့်ဝတဲ့ အရင်းအနှီးဈေးကွက် တစ်ခု တည်ဆောက်ခြင်းအတွက် အဓိကကျ ပါတယ်။"

ကော်မရှင်သည် အစုရှယ်ယာရှင်များကို အကာအကွယ်ပေးရန်အတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လမ်းညွှန်ချက်များကို အားဖြည့်ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များ၏ အခွင့်အရေးကို အကာအကွယ်ပေးခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ခြင်းစသည့် အဓိက ဦးစားပေးနယ်ပယ်(၃)ခုကို အလေးထားဆောင်ရွက်လျက် ရှိသည်။

## *ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အကျင့်များမြှင့်တင်ခြင်း*

စာရင်းဝင်ကုမ္ပဏီများနှင့် အစုရှယ်ယာရှင် (၁၀၀)ဦး အထက်ရှိသော အများပိုင်ကုမ္ပဏီများအတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၀)ကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ကော်မရှင်က ထုတ်ပြန်ခဲ့သည်။ ယင်းအမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးအတွက် (၂)နှစ်ကြာဆောင်ရွက်ခဲ့ရာတွင် OECD၊ DICA နှင့် အခြားဈေးကွက်တွင် ပါဝင်သူများ ပူးပေါင်းပါဝင်ခဲ့သည်။[၁] အစုရှယ်ယာရှင်များက မဲပေးဆုံးဖြတ်ရာတွင် အရေးကြီးသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ ရရှိနိုင်ရန် ကုမ္ပဏီများက ဆောင်ရွက်ရမည်ဖြစ်သည်။ ကုမ္ပဏီဘုတ်အဖွဲ့၏ ထိရောက်မှုရှိစေရန်နှင့် ကုမ္ပဏီမှ ဖွင့်ဟ ထုတ်ဖော်သည့် သတင်းအချက်အလက်များ အရည်အသွေး ပိုမိုအားကောင်းစေရန် အမိန့်ကြော်ငြာစာက အထောက်အပံ့ဖြစ်စေသည်။ စာရင်းဝင်ကုမ္ပဏီများ၏ လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ရန်အတွက် ရန်ကုန်စတော့အိပ်ချိန်းတွင် သီးခြားကော်မတီတစ်ခု ဖွဲ့စည်းထားသည်။

ကော်မရှင်သည် ဆက်နွယ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်း (Related Party Transaction-RPT)ဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်နိုင်ရန် ၂၀၁၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ကော်မရှင်၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန် ၊ ညွှန်ကြားချက်မူကြမ်းထုတ်ပြန်နိုင်ရန်၊ ဈေးကွက်တွင်ပါဝင်သူများနှင့်ညှိနှိုင်းစီမံဆောင်ရွက်နိုင်ရန် IFC သည် နည်းပညာ အကူအညီပေးခဲ့သည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ကော်မရှင်သည် ဈေးကွက်တွင် ပါဝင်သူများ၏ သဘောထားအကြံပြုချက်များကို အွန်လိုင်းမှတစ်ဆင့်ရယူဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံရှိ ကုမ္ပဏီများ ခိုင်မာစေမည့် ညွှန်ကြားချက်အမှတ် (၃/၂၀၂၀) ကို ထုတ်ပြန်ခဲ့သည်။

## *ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး*

၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင်၊ အစိုးရအဖွဲ့အစည်းများအကြား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (AML/CFT)ဆိုင်ရာ မူဝါဒချမှတ်ရေးအဖွဲ့တစ်ခုဖြစ်သည့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့(FATF)နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) တို့၏ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံကို စောင့်ကြည့်ရမည့်နိုင်ငံများစာရင်း (Grey List) တွင် ထည့်သွင်းခဲ့သည်။ ၂၀၂၁ခုနှစ်တွင် APG ၏ နောက်ဆက်တွဲအစီရင်ခံစာ(Follow-up Report)ကို ထုတ်ပြန်ခဲ့ပြီး၊ ၂၀၂၂ခုနှစ်၊ မတ်လ နှင့် ဇွန်လတို့တွင် FATF မှ မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် သတင်းထုတ်ပြန်ချက်(Public Statement)ကို ထုတ်ပြန် ခဲ့သည်။

၁။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် အကြံပေးကော်မတီတစ်ခုကိုဖွဲ့စည်းခဲ့သည်။ ကော်မတီတွင် အောက်ပါအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သည်- OECD, SECM, DICA, CBM, IFC, MICPA UMFCCI နှင့်YSX

၂၀၁၉ခုနှစ် ၊ မေလ(၂၃)ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရသည် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံသည် FATF ၏ အကြံပြုချက် (၄၀)ကို အကောင်အထည်ဖော်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌဒေါ်သန်းသန်းဆွေ ဦးဆောင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ အနေဖြင့် အစိုးရအဖွဲ့အစည်း ပေါင်းစုံပါဝင်၍ အဆိုပါ ကိစ္စရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ငွေကြေးခဝါချမှုဆိုင်ရာ ပြစ်မှုများကို ဒုတိယရှေ့နေချုပ်မှ လည်းကောင်း၊ လုပ်ငန်းနှင့် ဆက်သွယ် ဆောင်ရွက်သူများအား အလေးထားစိစစ်ခြင်းကို တိုးမြှင့် ဆောင်ရွက်ရန်အတွက် စောင့်ကြည့်စစ်ဆေးခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လည်းကောင်း၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းခြင်းကို မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်ခြင်းကို ပြည်ထဲရေးဝန်ကြီးဌာနမှ လည်းကောင်း တာဝန်ယူဆောင်ရွက်သည်။ မြန်မာနိုင်ငံသည် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ကတည်းက လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် မိတ်ဖက်အဖွဲ့အစည်းများထံမှ နည်းပညာ အကူအညီများ လိုအပ်လျက်ရှိသည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့် စပ်လျဉ်း၍ အသိအမြင် မြှင့်တင်ရန်အတွက် ကော်မရှင်သည် ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့်လည်းကောင်း၊ လစဉ် တွေ့ဆုံဆွေးနွေးမှုများတွင် လည်းကောင်း ကြီးကြပ် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်အများအပြား ဆောင်ရွက်ခဲ့သည်။

# ၂။ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်ခြင်း



ဦးငွေးချွန်

“မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်သည် နုနယ်ဆဲဖြစ်ပြီး၊ လတ်တလောဖြစ်ရပ်များသည် ယင်း၏ ကြံ့ကြံ့ခိုင်နိုင်စွမ်းကို စမ်းသပ်ခဲ့ပါတယ်။ ဈေးကွက်ကို ထိန်းကျောင်းသူအဖြစ် ဆောင်ရွက်နေသော ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးကို ကာကွယ်ရန် တာဝန်ယူထားပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ဥပဒေရေးရာဝန်ကြီးဌာန (ယခင်ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနစသည့် ကဏ္ဍပေါင်းစုံမှ အဖွဲ့အစည်းများနှင့် အခါအားလျော်စွာဆွေးနွေး ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ဤသို့ ညှိနှိုင်းဆောင်ရွက်မှုများသည် မကြာမီ ကာလအတွင်း အရင်းအနှီးဈေးကွက်တွင် အသေးစားနှင့် အလတ်စားကုမ္ပဏီများ ရင်းနှီးငွေရယူနိုင်မယ့် စာရင်းဝင်အကြိုဈေးကွက် ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အရေးပါဝင်ပါသည်။ ကော်မရှင်အနေဖြင့် တရားဝင်ရပ်တည်မှုနှင့် ရည်မှန်းချက်များဖြစ်သည့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမယ့် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရန်အတွက် ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ရန် ဖြစ်ပါတယ်။”

### *မြန်မာနိုင်ငံတွင်ကော်ပိုရိတ်ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ခြင်း*

လတ်တလောအချိန်ကာလအတွင်း စာရင်းဝင်ကုမ္ပဏီများနှင့် အစုရှယ်ယာရှင်(၁၀၀)ဦး အထက်ရှိသော အများပိုင်ကုမ္ပဏီများသည် အစုရှယ်ယာများကိုသာ အရောင်းအဝယ် ပြုလုပ်နိုင်ပါသည်။ သို့ရာတွင် အစုရှယ်ယာ ထုတ်ဝေရောင်းချသူများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာ့အရင်းအနှီးဈေးကွက်ကို ပိုမိုဆွဲဆောင်မှုရှိသော ဈေးကွက်တစ်ခု ဖြစ်လာစေရန်အတွက် ကော်မရှင်သည် အရင်းအနှီး ဈေးကွက်အတွက် ငွေချေးသက်သေခံလက်မှတ်အမျိုးအစားသစ်တစ်ခုဖြစ်သော ကော်ပိုရိတ်ငွေချေးစာချုပ်များကို မြန်မာကုမ္ပဏီများမှ ထုတ်ဝေရောင်းချခွင့်ပြု၍ ကော်ပိုရိတ်ငွေချေးစာချုပ်ဈေးကွက် ဖွဲ့စည်းထူထောင်ရန် ရည်ရွယ်ပါသည်။

စည်းကမ်းထိန်းကျောင်းသူများနှင့် အားထုတ်ကြိုးပမ်းညှိနှိုင်းခြင်းဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လတွင် ပြည်တွင်းငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ကော်မရှင်မှ ဦးဆောင်၍ ဖွဲ့စည်းခဲ့သည်။ ကော်မတီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေတိုက်ဦးစီးဌာနနှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သည်။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ကော်မတီအစည်းအဝေး(၃)ကြိမ် ကျင်းပပြုလုပ်ခဲ့သည်။ ငွေချေးစာချုပ်ဈေးကွက်ဖြစ်ထွန်း ပေါ်ပေါက်စေရန်အတွက် ကော်မတီသည် အာရှငွေချေးစာချုပ်ဈေးကွက်ဖော်ဆောင်ရေးအဖွဲ့ (Asian Bond Market Initiative-ABMI)၏ လုပ်ထုံးလုပ်နည်း စံချိန်စံညွှန်းများနှင့် အညီလိုက်နာဆောင်ရွက်ပြီး အထူးအားဖြင့် စံသတ်မှတ်ထားသော အသိအမှတ်ပြုလက်မှတ်ပုံစံများနှင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သော နမူနာပုံစံများကို ဖော်ထုတ်နိုင်ခဲ့သည်။

### *ရင်းနှီးငွေရရှိနိုင်မည့်နည်းလမ်းသစ်အဖြစ် စာရင်းဝင်အကြိုဈေးကွက်ထူထောင်ခြင်း*

အရောင်းအဝယ်သွက်လက်သော အရင်းအနှီးဈေးကွက်သည် ရင်းနှီးငွေပံ့ပိုးသူများအပေါ် အဓိက အားထားရသည်ဖြစ်သကဲ့သို့ ရင်းနှီး မြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းမျိုးစုံ ပံ့ပိုးပေးရန် လိုအပ်သည်။ ယနေ့အချိန်အခါတွင် ကုမ္ပဏီကြီးများ သာယင်းတို့၏ လုပ်ငန်းများ တိုးချဲ့ရန် လိုအပ်သော ငွေပင်ငွေရင်းကို အရင်းအနှီးဈေးကွက်မှ ရရှိနိုင်သည်ဟု ထင်မြင်ယူဆကြသည်။ သို့ရာတွင် အရင်းအနှီးဈေးကွက်သည်အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးငွေရရှိနိုင်မည့် အခွင့်အလမ်းများကို ပံ့ပိုးပေးနိုင်ပါသည်။ သို့ဖြစ်ရာ ကော်မရှင်သည် အဆိုပါ ကုမ္ပဏီများအတွက်ရည်ရွယ်၍ စာရင်းဝင်အကြိုဈေးကွက် ထူထောင်ရန် ဆောင်ရွက်လျက် ရှိသည်။ အဆိုပါဈေးကွက်အတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာနှစ်အတွင်း ထုတ်ပြန်နိုင်ရန် ရည်ရွယ်ထားသည်။

### *အသိအမြင်မြှင့်တင်ခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်း*

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှုနှင့် နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်များကြောင့် ကော်မရှင်သည် အစီအစဉ်များကို ယခင်နှစ်များကဲ့သို့ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ ပြီးခဲ့သည့်(၂)နှစ်တာကာလအတွင်း ကော်မရှင်သည် အခမ်းအနား(၁၅)ခုတွင် ပါဝင်ခဲ့ပြီး အများစုမှာ အသိအမြင်မြှင့်တင်ရေးဆွေးနွေးပွဲများနှင့် ဈေးကွက်တွင် ပါဝင်သူများအတွက် ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လိုအပ်သော ကျွမ်းကျင်မှုများ မြှင့်တင်ရန် ကော်မရှင် အသိအမှတ်ပြုသင်တန်းကျောင်းများသို့ ကော်မရှင်ရုံးမှ သင်တန်းသား (၁၄၀)ကျော်တက်ရောက်စေခဲ့သည်။



"မြန်မာနိုင်ငံသည် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် (ASEAN Capital Markets Forum-ACMF) တွင် အဖွဲ့ဝင်အဖြစ်နှင့် ကော်မရှင်သည် အရင်းအနှီး ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်း ကော်မတီတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ယင်းသည် မိမိတို့မူဝါဒများကို ဒေသတွင်း နိုင်ငံများ၏ မူဝါဒများနှင့် လိုက်လျောညီထွေဖြစ်စေရန် လမ်းညွှန်ချက်များဖြင့် ပံ့ပိုးနိုင်ခြင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လုပ်ငန်းတူအဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ခြင်းစသည့် အရေးပါသော ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ငွေချေးစာချုပ်များ ထုတ်ဝေရောင်းချနိုင်ရန် အထောက်အကူ ဖြစ်စေနိုင်ခြင်းတို့ကြောင့် မြန်မာနိုင်ငံအတွက် အလွန်အရေးပါလျက်ရှိပါတယ်။"

ဒေါ်နွဲ့နွဲ့ဝင်း

# ၃။ မြန်မာနိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများ လိုက်နာမှုရှိစေရန်ဆောင်ရွက်ခြင်း

## ဈေးကွက်တွင် ပါဝင်သူများကို စောင့်ကြည့်လေ့လာခြင်း

### *ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ*

ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများကို လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်းနှင့် တည်ဆဲစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိ ကြီးကြပ်စစ်ဆေးရန် တာဝန်ရှိသည်။ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ရက်အထိ မြန်မာနိုင်ငံတွင်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(၆)ခုသည် ငွေချေးသက်သေခံလက်မှတ်များ အရောင်းအဝယ်ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီး ဖြစ်သည်။

ကိုဗစ်-၁၉ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှု၏ အကျိုးဆက်များကြောင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများသည် လုပ်ငန်းစဉ်များကို လိုက်လျော ညီထွေဖြစ်စေရန် ပြင်ဆင်ခဲ့ရပြီး ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ လုပ်ငန်းခွင်များသို့ သွားရောက် စစ်ဆေးနိုင်ခြင်းမရှိဘဲ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခု၏ လုပ်ငန်းဆောင်ရွက်မှုများကိုသာ ရုံးထိုင်စစ်ဆေးခဲ့သည်။ ကျန်ကုမ္ပဏီများကို အွန်လိုင်းမှသာ

စစ်ဆေးခဲ့သည်။ ကော်မရှင်သည် ယင်းကုမ္ပဏီများ၏ ဌာနတွင်းထိန်းချုပ်မှု အရည်အသွေးနှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာမှု အခြေအနေ၊ အထူးသဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်မှု ၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၊ အွန်လိုင်းဖြင့် အရောင်းအဝယ်ဆောင်ရွက်မှုနှင့် မလျော်ကန်သော အရောင်းအဝယ်ပြုလုပ်မှု နယ်ပယ်များကို အလေးထား စစ်ဆေးခဲ့သည်။ ပြီးခဲ့သည့် နှစ်အတွင်း ကော်မရှင်သည် စည်းမျဉ်းစည်းကမ်းလိုက်နာမှု ပျက်ကွက်ခြင်းကြောင့် အရေးယူဆောင်ရွက်မှုအနည်းငယ်ကို ဖော်ထုတ်နိုင်ခဲ့သည်။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစည်းမျဉ်းစည်းကမ်းများအရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများကပေးပို့လာသည့် သံသယဖြစ်ဖွယ် အရောင်းအဝယ်ဆောင်ရွက်မှု(၁၂)ခုနှင့် သတ်မှတ်ပမာဏထက် ကျော်လွန်သော အရောင်းအဝယ်ဆောင်ရွက်မှု (၁၉၆)ခု တို့ပါဝင်သော အရောင်းအဝယ်ဆောင်ရွက်မှု (၂၀၈)ခုကို စိစစ်တင်ပြခဲ့သည်။

ကော်မရှင်သည် တိုင်ကြားမှုတစ်ခုကို လက်ခံရရှိပြီး လိုအပ်သော ခွင့်ပြုချက်မရှိပဲ ရင်းနှီးငွေရှာဖွေနေသည့် ကုမ္ပဏီတစ်ခုကို ဆောင်ရွက်ခဲ့ရသည်။



ဦးသိန်းမြင့်

“ဈေးကွက်ကို ထိန်းကျောင်းသူဖြစ်သော ကော်မရှင်၏ လုပ်ငန်းတာဝန်များအနက် အဓိကကျသည့် တာဝန်တစ်ခုမှာ ရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။ သို့ဖြစ်ရာ ဈေးကွက်တွင် ပါဝင်သူများအနေဖြင့် တည်ဆဲစည်းမျဉ်းစည်းကမ်းများအားလုံး လိုက်နာ ဆောင်ရွက်စေရန် ကော်မရှင်ရုံးဝန်ထမ်းများမှ ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ကမ္ဘာ့ကပ် ရောဂါကူးစက်ပျံ့နှံ့မှုနှင့် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်အတွင်း ကုမ္ပဏီများအနေဖြင့် ဈေးကွက် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ခြင်းကို ခက်ခဲစေခဲ့သည်။ ဥပမာအားဖြင့် အချို့ကုမ္ပဏီများတွင် ဒါရိုက်တာဘုတ် အဖွဲ့ဝင်များ ဆုံးရှုံးခဲ့ခြင်း၊ အင်တာနက်လိုင်းများ ပြတ်တောက်ခြင်းကြောင့် ကုမ္ပဏီများ အချိန်နှင့်တပြေးညီ ထုတ်ဖော်ကြေညာရန် ခက်ခဲခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ မိမိတို့ရုံးအဖွဲ့မှ ယင်းတို့နှင့် နီးကပ်စွာ ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး သင့်လျော်သည့် အဖြေရှာ၍ ကျော်လွှားနိုင်ခဲ့သည်။ ယနေ့အချိန်တွင် ညွှန်ကြားချက်နှင့်အညီ အပြည့်အဝ လိုက်နာနိုင်မှု မရှိသော်လည်း အချို့မှာ အနည်းငယ်တိုးတက်မှုများ ရှိလာကြောင်းတွေ့ရှိရသည်။ ကုမ္ပဏီများအနေဖြင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို အမြန်ဆုံး လိုက်နာဆောင်ရွက်ရန် မျှော်လင့်လျက်ရှိသည်။”

## *စာရင်းဝင်ကုမ္ပဏီများနှင့်အများနှင့်သက်ဆိုင်သောကုမ္ပဏီများ*

အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကို အားပေးမြှင့်တင်ရန်အတွက် ကော်မရှင်သည် အစုရှယ်ယာရှင်(၁၀၀)ဦးနှင့် အထက်ရှိသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီစာရင်းကို ကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ခဲ့သည်။[၁] အများနှင့် သက်ဆိုင်သော ကုမ္ပဏီကြီးများနှင့် စပ်လျဉ်း၍ ကော်မရှင်သည် အောက်ပါလုပ်ငန်းစဉ်(၂)ခုကို ဆောင်ရွက်လျက်ရှိသည် -

- ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်သည်ဖြစ်စေ၊ စာရင်းမဝင်သည် ဖြစ်စေ အများပြည်သူသို့ အစုရှယ်ယာကမ်းလှမ်းရောင်းချမည့် ကုမ္ပဏီများအတွက် ကော်မရှင်သည် ယင်းတို့တင်ပြလာသည့် အလားအလာညွှန်းတမ်းသည် ကော်မရှင်၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း ရှိမရှိ သေချာစေရန် အကဲဖြတ်ဆန်းစစ်လျက်ရှိသည်။
- အစုရှယ်ယာရှင်(၁၀၀)ဦးနှင့် အထက်ရှိသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများအတွက် ကော်မရှင်သည် စည်းမျဉ်းစည်းကမ်းများ လိုက်နာမှုရှိစေရန် ဆောင်ရွက်လျက်ရှိသည်။ ကော်မရှင်သည် ယင်းတို့၏ ကော်ပိုရိတ်ဖွင့်ဟထုတ်ဖော်မှုများ၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများနှင့် အထူးသဖြင့် အစုရှယ်ယာရှင်များ၏ အခွင့်အရေးများကို လိုက်နာမှုရှိစေရန် အလေးထား ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂ခုနှစ်၊ မတ်လ ၃၁ရက်တွင် အစုရှယ်ယာရှင် (၁၀၀)ဦးနှင့် အထက်ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအရေအတွက်(၄၉)ခု ရှိပြီး၊ ကုမ္ပဏီ(၅)ခုကို ကော်မရှင်၏ စောင့်ကြည့်စစ်ဆေးမှုမှ ထုတ်ပယ်ခဲ့ပြီး၊ ကုမ္ပဏီ(၃) ခုကို စောင့်ကြည့်စစ်ဆေးလျက်ရှိသည်။[၂]

၁။ https://secm.gov.mm/en/public-companies/ တွင် ကြည့်ပါ။
၂။ ကော်မရှင်၏စောင့်ကြည့်စစ်ဆေးမှုမှထုတ်ပယ်ခဲ့သောကုမ္ပဏီများမှာ - Grand Guardian Insurance Public  Co., Ltd; Hantharwady Development Public Co., Ltd; Kaytumadi Development Public Co., Ltd; Maw Shan Development Public Co., Ltd; and New City Development Public Co., Ltd.

ကော်မရှင်မှ ထုတ်ပြန်ခဲ့သည့် စဉ်ဆက်မပြတ် ထုတ်ဖော်ပြသခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)နှင့် အညီလိုက်နာ ဆောင်ရွက်မှု အခြေအနေမှာ လတ်တလော အနေဖြင့် ပြည့်စုံလုံလောက်မှု မရှိပေ။၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာနှစ်အတွင်း စာရင်းဝင် ကုမ္ပဏီများ အားလုံး လုံလောက်သော သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ ထုတ်ပြန်ကြေညာနိုင်ခဲ့သော်လည်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီများအနေဖြင့် လိုက်နာဆောင်ရွက် နိုင်ခြင်းမရှိခဲ့ပေ။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာနှစ်တွင် ထုတ်ပြန် ကြေညာခဲ့သည့် ၅ % နှင့် နှိုင်းယှဉ်နိုင်သည်။ အများနှင့် သက်ဆိုင်သော ကုမ္ပဏီ(၇)ခုတို့မှ ယင်းတို့၏ လိုက်နာ ဆောင်ရွက်မှုကို တိုးမြှင့် လိုက်နာနိုင်ခဲ့သော်လည်း ကုမ္ပဏီ (၃)ခုတို့မှာ၂၀၂၀-၂၀၂၁ခု၊ဘဏ္ဍာနှစ်တွင်၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက လိုက်နာမှု အဆင့်လျှော့ကျ ခဲ့သည်။ ကုမ္ပဏီတစ်ခုချင်းဆီ၏ လိုက်နာဆောင်ရွက်မှု အခြေအနေအသေးစိတ်ကို နောက်ဆက်တွဲ(၁)တွင် ဖော်ပြ ထားသည်။

စာရင်းဝင်ကုမ္ပဏီများအားလုံးမှ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကျင်းပမည့်ရက်ကို ကော်မရှင်ထံ အကြောင်း ကြားခဲ့သော်လည်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီ(၁၆) ခုသည် ယင်းတို့၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပမည့်ရက်အား ကော်မရှင်သို့ အကြောင်းကြားခြင်း မပြုခဲ့ပေ။ စာရင်းဝင်ကုမ္ပဏီများအားလုံးမှ နှစ်ပတ်လည် အစီရင်ခံစာများကို ကော်မရှင်သို့ တင်ပြခဲ့သော်လည်း အများနှင့်သက်ဆိုင်သောကုမ္ပဏီ(၁၉)ခုသာ ယင်းတို့၏ နှစ်ပတ်လည်အစီရင်ခံစာများ တင်ပြခဲ့သည်။ ပျမ်းမျှ အားဖြင့် သတင်းအချက်အလက်များဖွင့်ဟထုတ်ဖော်သည့်ကုမ္ပဏီများ သည် သတ်မှတ်ရက်ထက် (၆၃)ရက်ကျော်လွန်ပြီးမှသာ အစီရင်ခံတင်ပြခဲ့ကြပြီး ကုမ္ပဏီ (၄)ခုသာ သတ်မှတ်ချိန် အတိုင်းတင်ပြနိုင်ခဲ့သည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှုနှင့် နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်များကြောင့် ကုမ္ပဏီများအနေဖြင့် အခက် အခဲများ ဖြစ်ပေါ်စေခဲ့ကြောင်း ကော်မရှင်က နားလည် စာနာမှုရှိသည်။ ကော်မရှင်သည် အချို့ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ သို့ရာတွင် အများနှင့်သက်ဆိုင် သောကုမ္ပဏီများသည် စည်းမျဉ်းစည်းကမ်းများကို အမြန် ဆုံး လိုက်နာဆောင်ရွက်ရန် တိုက်တွန်းသည်။ ယင်းသည် မြန်မာ့အရင်းအနှီးဈေးကွက် နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှု အတွက် အရေးပါသည့်အတွက်ဖြစ်သည်။




စာရင်းဝင်ကုမ္ပဏီများနှင့် အများနှင့်သက်ဆိုင် သောကုမ္ပဏီများ၏လိုက်နာမှုဆင့်ကဲဖြစ်စဉ် တိုးတက်မှု

# ၄။ ပထမဦးစားပေးတာဝန်ဖြစ်သည့် ဝန်ထမ်းများကို အကာအကွယ်ပေးခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်တွင် လုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ ကော်မရှင်သည် အောက်ပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်လျက်ရှိသည်-

- ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဘုတ်အဖွဲ့၏ ဝန်ထမ်းရွေးချယ်ခန့်အပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊
- နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ (စာမျက်နှာ ၅၃ တွင်ဖတ်ရှုရန်။)
- နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊

ကိုဗစ်-၁၉ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှုအတွင်း ကော်မရှင်သည် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများမှ ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့သည်။

ကော်မရှင်မှ ထပ်မံစောင့်ကြည့်စစ်ဆေးခဲ့သော ကုမ္ပဏီများမှာ -
BDP Bayint Naung Development Public Co., Ltd; Region 6 Resource Public Co., Ltd; and Unique Lawksawk Mango Public Co., Ltd.



ဒေါ်ခင်လေးမြင့်

"ဝန်ထမ်းများလုပ်ငန်းကျွမ်းကျင်မှုသည် ကော်မရှင်၏ အဓိကအားထားရာဖြစ်ပြီး အဆိုပါ အသီးအပွင့်များ ဖြစ်ထွန်းလာခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ လုပ်ဖော်ကိုင်ဖက်များ အလုပ်လုပ်နိုင်စွမ်း တိုးတက်လာစေမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ်သည် ကျွန်ုပ်တို့ အားလုံးအတွက် စိန်ခေါ်မှုများသော နှစ်တစ်နှစ်ဖြစ်သည်။ ယင်းသည် ကျွန်ုပ်တို့၏ အတိုင်းအဆကို စမ်းသပ်ခြင်းဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့၏ ဦးစားပေးမှုမှာ ရှင်းလင်း ပြတ်သားသည်။ ဝန်ထမ်းများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့ဖြစ်သည်။ ယင်းကို ကော်မရှင်၏ အမြဲဦးစားပေးအနေဖြင့် ဆောင်ရွက်ခဲ့သည်။ ကျွန်ုပ်တို့၏ စည်းလုံးညီညွတ်မှုနှင့် ဝန်ထမ်းများ၏ ကတိကဝတ်များသည် လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်အတွက် အရေးပါသည့် အချက်ဖြစ်သည်။ ဝန်ထမ်းများ၏ ဖွဲ့လုံ့လနှင့် ရဲရင့်မှုတို့ကို ကျွန်ုပ်တို့ အလေးအနက် အသိအမှတ်ပြုသည်။"

## ရသုံးခန့်မှန်းခြေ ငွေစာရင်း

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကော်မရှင်ရုံး၏ ရသုံး ခန့်မှန်းခြေငွေစာရင်းမှာ ကျပ် ၄၅၄.၄၇၃ သန်း ဖြစ်ပြီး ယင်းသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ထက် ၁၁ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။

- ကော်မရှင်ရုံးဝန်ထမ်းများလစာငွေအတွက် ၅၁ ရာခိုင်နှုန်း
- ကော်မရှင်ရုံးအသုံးစရိတ်အတွက် ၃၈ ရာခိုင်နှုန်း၊
- ရရန်ပိုင်ခွင့်တိုးပွားရေးအတွက် ရင်းနှီးမြှုပ်နှံငွေ ၆ ရာခိုင်နှုန်း။
- ပြင်ဆင်ထိန်းသိမ်းစရိတ်အတွက် ၅ ရာခိုင်နှုန်း၊

ကော်မရှင်ရုံး၏ ဘဏ္ဍာရေးနှစ် (၃) နှစ်အတွက် ရသုံး ခန့်မှန်းခြေငွေ စာရင်းကို အောက်ပါပုံကားချပ်ဖြင့် ဖော်ပြအပ်ပါသည်။

ကော်မရှင်ရုံး ရသုံးခန့်မှန်းခြေငွေစာရင်း ဆင့်ကဲတိုးတက်လာမှု (ကျပ်သန်းပေါင်း)




## ဝန်ထမ်းများအပေါ် နိုင်ငံရေးပြောင်းလဲမှု ဖြစ်စဉ်၏ အကျိုးသက်ရောက်မှု

ကိုဗစ်-၁၉ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှုနှင့် နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်၏ အကျိုးသက်ရောက်မှု အခြေအနေကို ဇယားများတွင် ရှင်းလင်းစွာ တွေ့မြင်နိုင်သည်။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းဦးရေ (၇၂) ဦးရှိရာမှ ၂၀၂၀-၂၀၂၁ခု ၊ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းဦးရေ (၄၃) ဦးသို့ လျော့ကျခဲ့သည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၂ခုနှစ်၊ မတ်လအတွင်း လူစွမ်းအား အရင်းအမြစ်ဌာနသည် ဝန်ထမ်း (၂၀)ဦး ခန့်အပ်နိုင်ခဲ့သည်။ ယင်းတို့အားလုံး ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ သင်တန်း အပါအဝင် သီးခြားလုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းများ တက်ရောက်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ မတ်လကုန်ဆုံး ချိန်တွင် ကော်မရှင်ဝန်ထမ်း(၅၉)ဦး တာဝန်ထမ်းဆောင်လျက် ရှိသည်။ ဝန်ထမ်းများ မတူကွဲပြားမှု အနေဖြင့် -

- အမျိုးသမီးဝန်ထမ်း ၇၁ ရာခိုင်နှုန်း နှင့်
- အသက်၃၆နှစ်အောက်ဝန်ထမ်း ၆၁ ရာခိုင်နှုန်း

ဝန်ထမ်းဦးရေ ဆင့်ကဲတိုးတက်လာခြင်း



၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာနှစ်တွင် ဝန်ထမ်း အဝင်အထွက် ရာခိုင်နှုန်းမှာ ၄၆ % ရှိသည်။ အချို့ဝန်ထမ်းများမှာ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှု သို့မဟုတ် လူမှုရေး မတည်ငြိမ်မှုများကြောင့် လုံခြုံမှု မရှိသကဲ့သို့ ခံစားခဲ့ရကြောင်း၊ ဝန်ထမ်း အချို့မှာ ပြည်သူ့ဝန်ထမ်းအဖြစ် ဆက်လက်လုပ်ကိုင်လိုခြင်း မရှိသည့်အတွက် ဖြစ်ကြောင်းသိရသည်။ သို့ရာတွင် ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်၏ ဝန်ထမ်း အဝင်အထွက် ရာခိုင်နှုန်းသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၏ ဝန်ထမ်းအဝင်အထွက် ရာခိုင်နှုန်းနှင့် တူညီကြောင်း တွေ့ရသည်။ အလားတူ ခွင့်မဲ့ပျက်ကွက်မှု ရာခိုင်နှုန်းသည် ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၉ ရာခိုင်နှုန်းရှိခဲ့ရာ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်နှင့် တူညီကြောင်း တွေ့ရသည်။

ထိုကဲ့သို့ ဝန်ထမ်းအဝင်အထွက်နှုန်းနှင့် ခွင့်မဲ့ပျက်ကွက်မှုနှုန်း မြင့်မားသောကြောင့် ကော်မရှင်သည် ယင်း၏ လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန် အခက်အခဲဖြစ်ခဲ့သည်။ ကော်မရှင်ရုံးလူ့စွမ်းအားအရင်းအမြစ်အဖွဲ့၏ ဆောင်ရွက်မှုနှင့် ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှုတို့ကြောင့် အခြေအနေကို ထိန်းသိမ်း ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ကော်မရှင်သည် ဝန်ထမ်းများ၏ စိုးရိမ်မှုများကို တုံ့ပြန်ရန်အတွက် အောက်ပါအတိုင်း ဆုံးဖြတ် ဆောင်ရွက်ခဲ့သည် -

- လိုအပ်သော ဝန်ထမ်းအားလုံးအတွက် ကြို/ပို့ စနစ် စီစဉ်ပေးခြင်း၊
- ဝန်ထမ်းများ ဘေးကင်းလုံခြုံစေရန်အတွက် နေရာထိုင်ခင်းစီစဉ်ပေးခြင်း၊
- ဝန်ထမ်းများ ဘေးကင်းလုံခြုံစေရန်အတွက် ရုံးယူနီဖောင်းများ မဝတ်ဆင်စေခြင်း၊

ယုံကြည်မှုတိုးမြှင့်ဆောင်ရွက်ရန် ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်သည် ဝန်ထမ်းများအားလုံးနေအိမ်သို့ ဘေးရန်ကင်းစွာ ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ကော်မရှင်မှ ဝန်ထမ်းအိမ်ရာလုံလောက်စွာ ထောက်ပံ့ပေးခြင်း၊ ရုံးပိတ်ရက်များတွင် ဝန်ထမ်းအိမ်ရာသို့ လှည့်လည်ကြည့်ရှုခြင်းတို့ဖြင့် ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံခြင်းနှင့် ဝန်ထမ်းများ၏ စိုးရိမ်ပူပန်များကို မျှဝေပြောဆိုရန် အားပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ဝန်ထမ်းများကို အထောက်အပံ့ဖြစ်စေရန် ကော်မရှင်သည် ဘဏ်များပုံမှန်လည်ပတ်နိုင်ခြင်းမရှိသည့်အတွက် ဝန်ထမ်းလစာကို ငွေသားဖြင့် ထုတ်ပေးခြင်းနှင့် နေအိမ်မှ တစ်ဆင့် အလုပ်လုပ်ကိုင်သည့် ဝန်ထမ်းများ၏ လစာကို နေအိမ်အရောက် ပို့ဆောင်ပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

## ဝန်ထမ်းအဝင်အထွက်နှင့် ခွင့်မဲ့ပျက်ကွက်မှုရာခိုင်နှုန်း ဆင့်ကဲဖြစ်စဉ်





ဦးကြည်ဇင်ထွန်း

“ကော်မရှင်ရုံး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သည်နှင့်အညီ စံပြအနေဖြင့် ဦးဆောင်မှုပေးခဲ့သည်။ ဝန်ထမ်းများ၏ ယုံကြည်မှု တည်ဆောက်ရန် ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ပြီး အခက်အခဲကြုံတွေ့ချိန်တွင် စိုးရိမ်ပူပန်မှုများကို ရင်းနှီး ပွင့်လင်းစွာ ထုတ်ဖော် မျှဝေစေခဲ့သည်။ ကော်မရှင်အနေဖြင့် ယင်းတို့ဘက်မှ ရပ်တည်ခဲ့ပြီး ကိုဗစ်ကပ်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် လုံခြုံမှုရှိစေရန် ဝန်ထမ်းအိမ်ရာချထားပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ပြီးခဲ့သည့် (၁၈)လတာ ကာလသည် အခက်အခဲများ ကြုံတွေ့ခဲ့ရသော်လည်း ဝန်ထမ်းများ၏ လုပ်ငန်းအပေါ် စိတ်ပါဝင်စားစွာ ဆောင်ရွက်ခဲ့မှုကို ကျေးဇူးတင်ရှိကြောင်း အလေးအနက်ဖော်ပြလိုပါတယ်။ ”

# ကိုဗစ်-၁၉

ရုံးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်သည် ယင်း၏ ဝန်ထမ်းများအား အလှည့်ကျ ရုံးတက်သည့်စနစ်ကို ကျင့်သုံးခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းသိမ်းကာကွယ်နိုင်ခဲ့သည်။ ထို့အတူ ရုံးခန်းများ သန့်ရှင်းရေးကိုလည်း ပုံမှန်ဆောင်ရွက်ခဲ့သည်။ ကော်မရှင်ရုံး၏ ဝန်ထမ်းအများစုမှာ နာမကျန်း ဖြစ်ခဲ့သော်လည်း ဝန်ထမ်းအားလုံး ပြန်လည်ကောင်းမွန်ခဲ့သည်။ ကိုဗစ်ရောဂါပိုးကူးစက်ခံရသော ဝန်ထမ်းများကို သီးခြားခွဲထားသည့် နေရာများသို့ ပို့ဆောင်ခဲ့ပြီး ၎င်းတို့အတွက် အစားအသောက်၊ မရှိမဖြစ် လိုအပ်သော ဆေးဝါးများနှင့် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ ပံ့ပိုးခဲ့သည်။ ကော်မရှင်သည် ရောဂါပြင်းထန်သော ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အောက်ဆီဂျင်အိုး(၅)လုံးကို ၂၀၂၁ခုနှစ်တွင် ဝယ်ယူခဲ့သည်။

ကော်မရှင်သည် ရောဂါကာကွယ်ဆေးထိုးနှံမှုကို စီမံဆောင်ရွက်ခဲ့ရာ ဝန်ထမ်းများအားလုံး ကိုဗစ်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး ၅၀%သော ဝန်ထမ်းများမှာ စွမ်းအားဖြည့်ကာကွယ်ဆေး(Booster Shots)များ ထိုးနှံခဲ့ပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် စပ်လျဉ်း၍ ကော်မရှင်တွင် အခြားလုပ်ငန်းခွင် မတော်မဆမှုမရှိခဲ့ပါ။

# လူ့စွမ်းအား စီမံခန့်ခွဲမှု

ရည်မှန်းချက် ပြည့်မီစေရန်အတွက် ကော်မရှင်သည် အရင်းအနှီးဈေးကွက်နှင့် ဆက်နွယ်သော အတတ်ပညာပိုင်း အပေါ် အများအားဖြင့် အားကိုးအားထားပြုလျက်ရှိသည်။ တတ်သိကျွမ်းကျင်သူများကို မှန်ကန်စွာ ရွေးချယ်နိုင်ခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ သို့ဖြစ်ရာ ကော်မရှင်သည် သက်တမ်းနုနယ်သော အဖွဲ့အစည်းဖြစ်သည့်အတွက် ပင်ကိုယ်စွမ်းရည်မြင့်မားသူများကို မြန်ဆန်စွာ ရာထူးတိုးမြှင့်ခန့်ထားခြင်းဖြင့် တာဝန်ဝတ္တရားများ လက်ခံရယူနိုင်ရန် ဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ မှ ၂၀၂၂ ပြည့်နှစ်၊ မတ်လအတွင်း ကော်မရှင်ဝန်ထမ်း(၂၀)ဦးတို့သည် အဆိုပါ အခွင့်အလမ်း ရရှိခဲ့သည်။

ကော်မရှင်ရုံးဝန်ထမ်း ၉၁ ရာခိုင်နှုန်းသည် တက္ကသိုလ်ဘွဲ့ရများဖြစ်ပြီး ယင်းတို့အနက် ၂၂ ရာခိုင်နှုန်းသည် အနည်းဆုံး မဟာဘွဲ့ရရှိသူများဖြစ်သည်။ သို့ရာတွင် ကော်မရှင်ရုံး၏ တာဝန်ဝတ္တရားများ ထမ်းဆောင်ရာ၌ အခြေခံဗဟုသုတနှင့် ကျွမ်းကျင်မှု လိုအပ်သည်ဖြစ်ရာ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှု ပိုမိုတိုးတက်လာစေရန် လိုအပ်သည်။ ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်ရုံးဝန်ထမ်းများ၏ ကျွမ်းကျင်မှု တိုးတက်လာစေရန် ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ပုံမှန်ဆွေးနွေးလျက်ရှိသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလနောက်ပိုင်းတွင် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများသည် ကော်မရှင်နှင့် လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဆိုင်းငံ့ခဲ့သဖြင့် ကော်မရှင်သည် ယင်း၏ဝန်ထမ်းများကို နိုင်ငံရပ်ခြားသို့ ပုံမှန်စေလွှတ်နိုင်ခြင်းမရှိခဲ့ပေ။ အလားတူပင် ဝန်ထမ်းများ ဘေးကင်းလုံခြုံမှုကို ဦးစားပေးရသဖြင့် သင်တန်းများ စေလွှတ်ခြင်းကိုလည်း ရွှေ့ဆိုင်းခဲ့ရသည်။ ရလဒ်အနေဖြင့် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ခု၊ ဘဏ္ဍာနှစ်အတွင်း ကော်မရှင်ရုံးဝန်ထမ်းများကို ၁,၅၇၆ နာရီသာ သင်တန်းပေးနိုင်ခဲ့သည်။ သင်တန်း အများစုမှာ ဝန်ထမ်းသစ်များအတွက် ဖွင့်လှစ်ပို့ချသည့် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများဖြစ်သည်။

## နစ်နာကြေးနှင့်ထောက်ပံ့ကြေးများ

ကော်မရှင်သည် အစိုးရအဖွဲ့အစည်းတစ်ခုဖြစ်သည့်အားလျော်စွာ ကော်မရှင်၏ လစာနှုန်း သတ်မှတ်သည့်ပုံစံကို စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ဆုံးဖြတ်အတည်ပြုချက်ဖြင့် ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ကော်မရှင်သည် မိမိ၏ဝန်ထမ်းများအား ဆွဲဆောင်နိုင်ရန်အတွက် သီးခြားထောက်ပံ့ပေးရန် ဆုံးဖြတ်ခဲ့သည်။ ဝန်ထမ်းများ မီးဖွားခြင်း၊ သေဆုံးခြင်း၊ ရောဂါဝေဒနာ ပြင်းထန်ခြင်းနှင့် အလွန်အမင်းနာမကျန်းဖြစ်ခြင်းတို့အတွက် ပံ့ပိုးကူညီရန် သက်သာရန်ပုံငွေတစ်ရပ် ထူထောင်ခဲ့သည်။ အဆင့်မြင့်စီမံခန့်ခွဲသူများအတွက် သီးခြားထောက်ပံ့သည့်အနေဖြင့် ကော်မရှင်သည် သတ်မှတ်ချက်နှင့်အညီ ရာထူးအဆင့်လိုက် အသုံးပြုနိုင်ရန်အတွက် မော်တော်ယာဉ်စီစဉ်ပေးခဲ့သည်။




*၂၀၂၁ခုနှစ်၊ဇွန်လ ၃ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမတဟိုးဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီ၏ စာရင်းဝင်အခမ်းအနားသို့ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း နှင့် ဧည့်သည်တော်များ တက်ရောက်စဉ်*



*၂၀၂၁ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံအရင်းအနှီးဈေးကွက် ဒုတိယအကြီးအကဲများ အစည်းအဝေးသို့ ကော်မရှင်အတွင်းရေးမှူး တက်ရောက်စဉ်*

# အစီရင်ခံခြင်း

## ၁။ နယ်ပယ်နှင့် ဆောင်ရွက်မှုနည်းလမ်း

ဤအစီရင်ခံစာကို ကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုနှင့် ကော်မရှင်အဖွဲ့ဝင်များ၏ ကြီးကြပ်ကွပ်ကဲမှုတို့ဖြင့် ပြုစုခဲ့ခြင်းဖြစ်ပြီး သတင်းနှင့် ကိန်းဂဏန်း အချက်အလက်များ ကောက်ယူစုစည်းခြင်းကို အစီရင်ခံစာ ထုတ်ပြန်ရေး လုပ်ငန်းအဖွဲ့မှ ဆောင်ရွက်ခဲ့သည်။ ကော်မရှင်၏ နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ဝေရန်အတွက် မြန်မာနိုင်ငံတွင် အကြံပေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် Yever ကုမ္ပဏီ၏ ကျွမ်းကျင်ပညာရှင်များမှ ပံ့ပိုးကူညီပေးခဲ့သည်။

ဤအစီရင်ခံစာတွင် အောက်ဖော်ပြပါ ဘဏ္ဍာရေးနှစ်များနှင့် စပ်လျဉ်းသည့် သတင်းနှင့် ကိန်းဂဏန်းအချက်အလက်များ ပါဝင်ပါသည် -

- ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် (၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ အထိ)
- ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ် (၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၂ ခုနှစ်၊ မတ်လ အထိ ၆ လအစီရင်ခံစာ)

ဤအစီရင်ခံစာတွင် အမှတ် ၂၁-၂၅၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့တွင် တည်ရှိသော ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်မှုများ အားလုံးကို အစီရင်ခံတင်ပြထားခြင်းဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်မသက်ဆိုင်သော အစီရင်ခံတင်ပြချက်များအား နိုင်ငံတကာ အစီရင်ခံစာ ရေးသားနည်းစံနှုန်းများနှင့်အညီ ပြုစုထားခြင်းဖြစ်သည်။ ကော်မရှင်သည် ယခုအစီရင်ခံစာ၌ ဈေးကွက်တွင် ပါဝင်သူများအားလုံးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ယင်းတို့၏ တုံ့ပြန်ချက်များ စုစည်းကာ တိုးတက်ရန် လိုအပ်သော နယ်ပယ်များကို ဤတတိယအကြိမ်အစီရင်ခံစာတွင် ထုတ်ဖော်ရေးသားခဲ့သည်။

# ၂။ ဈေးကွက်ဆိုင်ရာကိန်းဂဏန်းအချက်အလက်များ

| လုပ်ငန်းဆောင်ရွက်မှု အဓိက ညွှန်ကိန်းများ | ရေတွက်ပုံ | ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် | ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် | နိုင်ငံတကာ အစီရင်ခံခြင်း စံနှုန်းများ |
|---|---|---|---|---|
| ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအရေအတွက် | ခု | ၇ | ၇ | ၁၀၂ |
| စာရင်းဝင်ကုမ္ပဏီအရေအတွက် | ခု | ၇ | ၇ | ၁၀၂ |
| အစုရှယ်ယာရှင် (၁၀၀) ဦးနှင့် အထက် အများပိုင်ကုမ္ပဏီ | ခု | ၄၉ | ၄၂ | ၁၀၂ |
| ဒဏ်ကြေးချမှတ်ခြင်း ခံရသော ကုမ္ပဏီ | ခု | - | - | ၁၀၂ |
| သတင်းပေးတိုင်ကြားမှု အရေအတွက် | ကြိမ် | ၁ | - | ၁၀၂ |
| လုပ်ငန်းခွင် စစ်ဆေးမှု အရေအတွက် (ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများ) | ကြိမ် | ၁ | - | ၁၀၂ |
| ဒဏ်ကြေးရရှိငွေ | ကျပ်သန်း | - | - | ၁၀၂ |
| ကော်မရှင်မှကြီးမှူး ကျင်းပ/ပံ့ပိုး ကူညီခဲ့သည့် ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်းများ | ကြိမ် | ၆ | ၉ | ၁၀၂ |
| မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်မှတ်ရေးထိုးခဲ့သည့် အကြိမ် | ကြိမ် | - | - | ၁၀၂ |

# ၃။ လူ့စွမ်းအားအရင်းအမြစ်

| လုပ်ငန်းဆောင်ရွက်မှု အဓိက ညွှန်ကိန်းများ | ရေတွက်ပုံ | ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် | ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် | နိုင်ငံတကာ အစီရင်ခံခြင်း စံနှုန်းများ |
|---|---|---|---|---|
| ဝန်ထမ်းဦးရေ | ဦး | ၅၉ | ၄၃ | ၁၀၂ |
| အမျိုးသမီးဝန်ထမ်း | ဦး | ၄၂ | ၃၃ | ၁၀၂ |
| အမျိုးသားဝန်ထမ်း | ဦး | ၁၇ | ၁၀ | ၁၀၂ |
| အသက်အရွယ်အပိုင်းအခြား | | | | |
| ၂၀ နှစ် မှ ၃၅ နှစ် အထိ | ဦး | ၃၆ | ၁၈ | ၁၀၂ |
| ၃၆ နှစ် မှ ၄၀ နှစ် အထိ | ဦး | ၇ | ၉ | ၁၀၂ |
| ၄၁ နှစ် မှ ၅၀ နှစ် အထိ | ဦး | ၈ | ၇ | ၁၀၂ |
| ၅၁ နှစ် မှ ၆၀ နှစ် အထိ | ဦး | ၈ | ၉ | ၁၀၂ |

* https://www.globalreporting.org/standards/ တွင် ကြည့်ပါ။

| လုပ်ငန်းဆောင်ရွက်မှု အဓိက ညွှန်ကိန်းများ | ရေတွက်ပုံ | ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် | ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် | နိုင်ငံတကာ အစီရင်ခံခြင်း စံနှုန်းများ |
|---|---|---|---|---|
| ရာထူးအဆင့် | | | | |
| ညွှန်ကြားရေးမှူး | ဦး | ၄ | ၄ | ၁၀၂ |
| အရာထမ်း | ဦး | ၃၃ | ၃၄ | ၁၀၂ |
| အမှုထမ်း | ဦး | ၂၂ | ၅ | ၁၀၂ |
| အသစ်ခန့်အပ်သည့်ဝန်ထမ်း | ဦး | ၁၈ | ၂ | ၄၀၁ |
| အမျိုးသမီးဝန်ထမ်းပါဝင်မှု | ရာခိုင်နှုန်း | ၅၆% | ၅၀% | ၄၀၅ |
| ရာထူးတိုးမြှင့်ခံရသည့်ဝန်ထမ်း | ဦး | ၉ | ၁၅ | ၄၀၄ |
| အမျိုးသမီးဝန်ထမ်းပါဝင်မှု | ရာခိုင်နှုန်း | ၆၇% | ၁၀၀% | ၄၀၅ |
| နုတ်ထွက်မှုနှင့်ပင်စင်ယူသည့်ဝန်ထမ်း | ဦး | ၂ | ၂၈ | ၄၀၁ |
| ဝန်ထမ်းအဝင်အထွက်နှုန်း | ရာခိုင်နှုန်း | ၄% | ၄၆% | ၄၀၁ |
| ခွင့်မဲ့ပျက်ကွက်မှုနှုန်း | ရာခိုင်နှုန်း | ၉% | ၃၂% | ၄၀၃ |
| သင်တန်းပေးချိန်စုစုပေါင်း | နာရီ | ၁၂၇၄ | ၃၀၂ | ၄၀၄ |
| ဝန်ထမ်းတစ်ဦး၏ပျမ်းမျှသင်တန်းချိန် | နာရီ | ၂၂ | ၇ | ၄၀၄ |
| လုပ်ငန်းခွင်မတော်တဆဖြစ်မှုများ | ကြိမ် | - | - | ၄၀၃ |
| ဝန်ထမ်းကျင့်ဝတ်ဖောက်ဖျက်မှုများ | ကြိမ် | - | - | ၂၀၅ |

# နောက်ဆက်တွဲ

| | Name | Type | Compliance | Trend |
|---|---|---|---|---|
| 1 | First Myanmar Investment | Listed | | ↔ |
| 2 | Myanmar Thilawa SEZ Holding | Listed | | ↔ |
| 3 | Myanmar Citizen Bank | Listed | | ↔ |
| 4 | First Private Bank | Listed | | ↔ |
| 5 | TMH | Listed | | ↔ |
| 6 | Ever Flow River | Listed | | ↔ |
| 7 | Amata Holding Public Company | Listed | | ↔ |
| 8 | Asia Green Development Bank Public Company Limited | Unlisted | | ↔ |
| 9 | Citizen Business Public Company Limited | Unlisted | | ↔ |
| 10 | Co-Operative Bank Public Company Limited | Unlisted | | ↗ |
| 11 | Dawei Development Public Company Limited | Unlisted | | ↔ |
| 12 | Farmers Development Bank Public Co., Ltd. | Unlisted | | ↗ |
| 13 | The Republic of the Union of Myanmar Forest Products Joint Venture Corporation | Unlisted | | ↔ |
| 14 | G.B.S Agricultural Services Public Co., Ltd. | Unlisted | | ↔ |
| 15 | Global Treasure Bank Public Co., Ltd. | Unlisted | | ↔ |
| 16 | Golden Land East Asia Development Public Co., Ltd. | Unlisted | | ↘ |
| 17 | Golden Myanmar Airlines Public Co., Ltd. | Unlisted | | ↔ |
| 18 | Great Hor Kham Public Co., Ltd. | Unlisted | | ↔ |
| 19 | Kayin State Development Public Company Limited | Unlisted | | ↔ |
| 20 | Mandalay Industrial Zone Development Public Company Limited | Unlisted | | ↔ |
| 21 | Mandalay Myotha Industrial Development Public Company Limited | Unlisted | | ↔ |
| 22 | Maubin Development Public Co., Ltd. | Unlisted | | ↔ |
| 23 | Myanma Agricultural & General Development Public Co., Ltd. | Unlisted | | ↔ |
| 24 | Myanma Economic Holdings Public Co., Ltd. | Unlisted | | ↔ |
| 25 | Myanma Motion Picture Development Public Co., Ltd. | Unlisted | | ↔ |
| 26 | Myanmar Agribusiness Public Co., Ltd. | Unlisted | | ↘ |

| | Name | Type | Compliance | Trend |
|---|---|---|---|---|
| 27 | Myanmar Agro Exchange Public Co., Ltd. | Unlisted | Acceptable | ↘ |
| 28 | Myanmar Automobile Development Public Company Limited | Unlisted | Insufficient | ↔ |
| 29 | Myanmar Edible Oil Industrial Public Co., Ltd. | Unlisted | Acceptable | ↗ |
| 30 | Myanmar Information & Communication Technology Development Corporation | Unlisted | Acceptable | ↗ |
| 31 | Myanmar Irrawaddy Development Public Co., Ltd. | Unlisted | Acceptable | ↗ |
| 32 | Myanmar Licensed Contractors Public Co., Ltd. | Unlisted | Acceptable | ↗ |
| 33 | Myanmar Sugar Development Public Co., Ltd. | Unlisted | Insufficient | ↔ |
| 34 | Myanmar Telecommunication Network Public Co., Ltd. | Unlisted | Insufficient | ↔ |
| 35 | Myeik Corporation Public Co., Ltd. | Unlisted | Acceptable | ↗ |
| 36 | Myeik Future Development Public Co., Ltd. | Unlisted | Insufficient | ↔ |
| 37 | National Development Company Group PCL | Unlisted | Insufficient | ↔ |
| 38 | Oleander Construction Group Public Company Limited | Unlisted | Insufficient | ↔ |
| 39 | Rakhine Development Corporation Public Co., Ltd. | Unlisted | Insufficient | ↔ |
| 40 | Rakhine Economic Initiative Public Co., Ltd. | Unlisted | Insufficient | ↔ |
| 41 | Shanni Development Public Company Limited | Unlisted | Insufficient | ↔ |
| 42 | Small and Medium Enterprises Development Bank Public Co., Ltd. | Unlisted | Insufficient | ↔ |
| 43 | Tanintharyi Division Development Public Co., Ltd. | Unlisted | Insufficient | ↔ |
| 44 | Tavoy Trading Public Co., Ltd. | Unlisted | Insufficient | ↔ |
| 45 | Yangon Bus Public Co., Ltd. | Unlisted | Insufficient | ↔ |
| 46 | BDP Bayint Naung Development Public Co., Ltd. | Unlisted | Acceptable | New |
| 47 | Region 6 Resource Public Co., Ltd. | Unlisted | Insufficient | New |
| 48 | Unique Lawksawk Mango Public Co., Ltd. | Unlisted | Insufficient | New |
| 49 | Yangon Urban Public Transportation Public Co., Ltd. | Unlisted | Insufficient | ↔ |

**Good** **Acceptable** **Insufficient**

SECM

No.21-25, 2nd & 3rd Floor of Myanma Economic Bank (Regional Office Building),
Sule Pagoda Road, Pabedan Township, Yangon, Myanmar
+95 1 373959, +95 1 386609, (Fax) +95 1 370100,
ho@secm.gov.mm